# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၄၄)၊ ၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်၊ ၁၂-၁-၂၀၂၅၊ တနင်္ဂနွေနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# MSME ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရန် နည်းပညာ၊ ထုတ်လုပ်သည့် စက်ပစ္စည်းများနှင့် ကျွမ်းကျင်သည့် လူသားအရင်းအမြစ်များ လိုအပ်

## ပြင်ဦးလွင်မြို့တွင်ရှိပြီးဖြစ်သည့် အခြေခံစိုက်ပျိုးရေးထွက်ကုန်များအသုံးပြု၍ စားသောက်ကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီစွာ ထုတ်လုပ်

နေပြည်တော် ဇန်နဝါရီ ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိအသေးစား၊အငယ်စားနှင့်အလတ်စား စီးပွားရေး(MSME)လုပ်ငန်းရှင်များအား ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး နှင့် ဒေသထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆိုင်ရာများကို ဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မိုးအောင်၊ဦးခင်မောင်ရီ၊ဒေါက်တာချာလီသန်း၊မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြင်ဦးလွင် ခရိုင်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြင်ဦးလွင်ခရိုင် အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းရှင်များ တက်ရောက်ကြ သည်။

စာမျက်နှာ ၄ သို့ ✪



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ဒေသထွက် စားသောက်ကုန်ပစ္စည်းများကို လေ့လာကြည့်ရှုစဉ်။

## အများအားဖြင့် သာယာမည်

**(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက် ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေ ပြီး၊ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ် အသင့်အတင့်မှ တိမ်ထူထပ်နေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသ ကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပါသည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်ပါသည်။ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ် နှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး၊ ကျန်တိုင်းဒေသ ကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါ တစ်ရံ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင် ပါသည်။ လေပြင်းများတိုက်ခတ်စဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာ ရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့် မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ၆ ပေမှ ၉ ပေခန့်ရှိနိုင်ပါသည်။ ကျန်မြန်မာ့ ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝ ကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ် ပြင်တို့တွင် ၅ ပေမှ ၇ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသ ကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုး အနည်းငယ် ရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မန္တလေးမြို့ မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများအား သွားရောက်ကြည့်ရှု၊ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၁

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက်ကြီး၏ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိစာရိန္ဒာ ဘိဝံသ သက်တော် ၉၇ နှစ်၊ ဝါတော် ၇၇ ဝါရှိသက်တော်ရှည်ဆရာတော်ကြီးသည် ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုခံယူလျက်ရှိရာ ဆရာတော်ကြီးအား ကျန်းမာရေးစောင့်ရှောက်မှုပေးထားသည့် အခြေအနေများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ဆရာတော်ကြီးအား ဖူးမြော်ကြည်ညို၍ ဆရာတော်ကြီးအား ကျန်းမာရေးစစ်ဆေးပေးထားမှုများနှင့် လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးထားသည့်အခြေအနေများကို ကြည့်ရှုမေးမြန်းရာ တာဝန်ရှိသူများက ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများကို ရှင်းလင်းတင်ပြသည်။ တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆရာတော်ကြီး၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် အခြေအနေများကို မပြတ်စောင့်ကြည့်၍ လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် အခြားလိုအပ်သည်များကို အလေးထားမှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ၊ ဆေးပစ္စည်းများ၊ အာဟာရဖြည့် ၄က်သိုက်နှင့် စားသောက်ဖွယ်ရာများ၊ နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းပြီး ဖူးမြော်ကြည်ညိုခဲ့ကြောင်း သိရသည်။ သတင်းစဉ်



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မန္တလေးမြို့ မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော်ကြီး နိုင်ငံတော် သြဝါဒါစရိယ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသ၏ ကျန်းမာရေး အခြေအနေများအား ကြည့်ရှုမေးမြန်းစဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးမြို့ မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော်ကြီး နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသအား စားသောက်ဖွယ်ရာများ ဆက်ကပ်လှူဒါန်းစဉ်။

◎ ရှေ့ဖုံးမှ

**ဒေသဆိုင်ရာ အချက်အလက်များနှင့် လိုအပ်ချက်များအား အသီးသီးဆွေးနွေးတင်ပြ**

ဦးစွာ ပြင်ဦးလွင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးက ဒေသဆိုင်ရာ အချက်အလက်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အချက်အလက်များ၊ ခရိုင်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် လုပ်ငန်းများအောင်မြင်မှုရှိစေရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်အကြီးအကဲ၏ ၂၀၂၄ ခုနှစ်အတွင်း ပြင်ဦးလွင်ဒေသသို့ ရောက်ရှိစဉ် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ ပြင်ဦးလွင်ခရိုင် ဖွံ့ဖြိုးတိုးတက်ရေး၊ ခရိုင်အတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ဒေသခံ ပြည်သူလူထု၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက်ဆောင်ရွက်လျက်ရှိမှု တို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များက လုပ်ငန်းများအလိုက် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ တွေ့ကြုံနေရသည့် လုပ်ငန်းခွင် အခက်အခဲများနှင့် လုပ်ငန်းလိုအပ်ချက်များ၊ ကော်ဖီလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်လုပ်မှုကုန်ကျစရိတ်များ လျော့ကျစေရေးအတွက် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးစေလိုမှုနှင့် အခြားလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

**တင်ပြချက်များအပေါ် ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်း ဆွေးနွေးပြောကြား**

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စု ဝန်ကြီးများက လုပ်ငန်းများ ဆောင်ရွက်ရာတွင် လျှပ်စစ်မီး လိုအပ်ချက်အပေါ် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်ရာတွင် လိုအပ်ချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ လာမည့် ပြည်ထောင်စုနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်း ထုတ်ကုန်ပြပွဲကို နေပြည်တော်၌ ပြည်ထောင်စု အဆင့် ဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ နိုင်ငံတော်အစိုးရ အနေဖြင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးလျက်ရှိမှုနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး ကိုအခြေခံသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အားပေး ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးမြေ လျှော့ကျထားမှုနှင့် ပတ်သက်၍ သတ်မှတ် စည်းမျဉ်း စည်းကမ်းများ၊ မူဝါဒများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိမှု၊ ကော်ဖီစိုက်ပျိုးခြင်းသည် အရိပ်ရအပင်များကိုပါ ထည့်သွင်း စိုက်ပျိုးရသည်ဖြစ်၍ Green Economy ကို ဖော်ဆောင်နေခြင်းပင်ဖြစ်သဖြင့် သတ်မှတ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်သွားကြရန် လိုအပ်သည့် အခြေအနေများ၊ ပြင်ဦးလွင်ခရိုင်အနေဖြင့် သစ်တောဖုံးလွှမ်းမှု ၁၈ ဒသမ ၈၇ ရာခိုင်နှုန်းရှိပြီး စိမ်းလန်းစိုပြည်သည့် နဂိုရှိရင်းစွဲ အရင်းအမြစ် အလှအပများ မပျောက်ပျက်အောင် ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်သည့် အခြေအနေများနှင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် အသီးသီး ပြန်လည် ဆွေးနွေး ပြောကြားကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြင်ဦးလွင်ခရိုင်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှု၊ ဒေသ၏ လူမှုရေးနှင့် စီးပွားရေး ကောင်းမွန်စေရေး အလေးထား ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး လိုအပ်သည်များဆွေးနွေးမှာကြား**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တင်ပြမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေး ပြောကြားရာ ပြင်ဦးလွင်ခရိုင်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် လိုအပ်သည်များကို အကြံပြုတိုက်တွန်းဆွေးနွေးနိုင်ရန် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ဒေသအလိုက်ထုတ်ကုန်များသည် အရည်အသွေးပိုင်း ကောင်းမွန်သည်ဖြစ်သော်လည်း အချို့သော ထုတ်ကုန်များသည် ထုပ်ပိုးမှုအပိုင်းတွင် အဆင့်မီမီဖြစ်ရန် လိုအပ်နေဆဲဖြစ်ကြောင်း။

စာမျက်နှာ ၅ သို့ »»




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

○ **MSME ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကုန်ကြမ်း၊ နည်းပညာ၊ သွင်းအားစုနှင့် ရင်းနှီးစိုက်ထုတ်ငွေများလိုအပ်ပြီး ကုန်ကြမ်းများ လုံလုံလောက်လောက် ရရှိနေရန်လို**

○ **ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အကျိုးဖြစ်ထွန်းမှုရှိရန်လိုပြီး မိမိတို့နိုင်ငံ၏ MSME ကုန်ထုတ်လုပ်ငန်းတွင် ၆၅ ရာခိုင်နှုန်းခန့်သည် စားသောက်ကုန်ထုတ်လုပ်ခြင်း လုပ်ငန်းများဖြစ်ကြောင်း၊ အခြားလူသုံးကုန်ပစ္စည်းထုတ်လုပ်မှု၊ စက်ပစ္စည်းထုတ်လုပ်မှုနှင့် အခြားကုန်ထုတ်လုပ်မှုလုပ်ငန်းများသည် ရာခိုင်နှုန်းအားဖြင့် နည်းပါးနေဆဲဖြစ်သည်ကို တွေ့မြင်ရ**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့အား အမျိုးသားကန်တော်ကြီးဥယျာဉ်ရှင်းလင်းဆောင်၌ ဥယျာဉ်တာဝန်ခံကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် ဦးရာဇာထွေးက ရှင်းလင်းတင်ပြစဉ်။

»»» စာမျက်နှာ ၄ မှ

MSME လုပ်ငန်းများနှင့် ပတ်သက်၍ အဓိကအားဖြင့် မူဝါဒများချမှတ်ထားပြီး ကုန်ပစ္စည်းတစ်ခု ထုတ်လုပ်ရန်အတွက် ကုန်ကြမ်းပစ္စည်းများ လိုအပ်ချက်မှာ အဓိကအရေးကြီးလိုအပ်ချက်ဖြစ်သဖြင့် ဒေသတွင်းကုန်ကြမ်းများ လုံလောက်စွာ ထွက်ရှိအောင် ဆောင်ရွက်ရန် လိုကြောင်း၊ ပြင်ဦးလွင်ဒေသအနေဖြင့် ဒေသမှ ထွက်ရှိသည့် နို့နှင့် နို့ထွက်ပစ္စည်းများ၊ ဂျုံထွက်ပစ္စည်းများ၊ အသီးအနှံများမှ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်လျက်ရှိကြောင်း၊ ဈေးကွက်လေ့လာဆန်းစစ်ချက်အရ လူအများ ကြိုက်နှစ်သက်သည့် ပစ္စည်းများကို အရေအတွက်များများဖြင့် အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ အမျိုးသားကန်တော်ကြီး ဥယျာဉ် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်အဖြစ် ချယ်ရီပင်စိုက်ပျိုးပေးစဉ်။

## စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

MSME ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကုန်ကြမ်း၊ နည်းပညာ၊ သွင်းအားစုနှင့် ရင်းနှီးစိုက်ထုတ်ငွေများလိုအပ်ပြီး ကုန်ကြမ်းများ လုံလုံလောက်လောက် ရရှိနေရန်လိုကြောင်း၊ ကုန်ထုတ် လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အကျိုးဖြစ်ထွန်းမှုရှိရန်လိုပြီး မိမိတို့နိုင်ငံ၏ MSME ကုန်ထုတ်လုပ်ငန်းတွင် ၆၅ ရာခိုင်နှုန်းခန့်သည် စားသောက်ကုန်ထုတ်လုပ်ခြင်း လုပ်ငန်းများဖြစ်ကြောင်း၊ အခြားလူသုံးကုန်ပစ္စည်းထုတ်လုပ်မှု၊ စက်ပစ္စည်းထုတ်လုပ်မှုနှင့် အခြားကုန်ထုတ်လုပ်မှုလုပ်ငန်းများသည် ရာခိုင်နှုန်းအားဖြင့် နည်းပါးနေဆဲဖြစ်သည်ကို တွေ့မြင်ရကြောင်း၊ စားသောက်ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို အဓိကအားဖြင့် ဆောင်ရွက်မည်ဆိုပါကလည်း စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မှသာ ကုန်ကြမ်းများ လုံလောက်စွာ ရရှိမည်ဖြစ်ကြောင်း။

ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သည့် လျှပ်စစ်မီးလိုအပ်ချက်များနှင့် ပတ်သက်၍လည်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို တစ်ပိုင်တစ်နိုင်ဆောင်ရွက်နိုင်ကြောင်း၊ နိုင်ငံတော်မှလည်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများအနေဖြင့် စွမ်းအားပြည့်ထုတ်လုပ်နိုင်မှုမရှိခြင်း၊ အကြမ်းဖက်သမားများ၏ လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့်တာဝါတိုင်များအား ဖျက်ဆီးခြင်း၊ ဓာတ်ငွေ့များ လုံလောက်စွာ ရရှိမှုမရှိခြင်းတို့ကြောင့် နိုင်ငံတော်အနေဖြင့် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ ဖြန့်ဖြူးပေးရန်အတွက် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ပြင် နိုင်ငံတော်မှ ရည်မှန်းချက်ထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းများမှာလည်း ကန့်ကွက်မှုများနှင့် အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်မှု ရပ်တန့်သွားရခြင်းများလည်းရှိကြောင်း၊ ၂၀၀၅ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လျှပ်စစ်ဓာတ်အားပေး စက်ရုံများ တည်ဆောက်ခြင်း စီမံကိန်းများ အောင်မြင်ခဲ့မည်ဆိုပါက ယခုအချိန်တွင် မိမိတို့နိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အား လုံလောက်စွာ ရရှိနေမည်ဖြစ်ကြောင်း၊ သို့သော် လျှပ်စစ်ဓာတ်အားပေး စက်ရုံ တည်ဆောက်ခြင်း စီမံကိန်းများကို နည်းလမ်းအမျိုးမျိုးဖြင့် အနှောင့်အယှက် ပေးခဲ့မှုများကြောင့် စီမံကိန်းများရပ်တန့်ခဲ့ရခြင်းဖြစ်ကြောင်း၊ မိမိတို့ တာဝန်ယူချိန်တွင် လျှပ်စစ်နှင့်ပတ်သက်၍ အခက်အခဲများရှိသဖြင့် အချိန်တိုအတွင်း အောင်မြင်ပြီးမြောက်နိုင်သည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း စီမံကိန်းများကို အားပေးဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါစီမံကိန်းများ အောင်မြင်ပြီးစီးပါက လျှပ်စစ်မီးများ လုံလောက်စွာရရှိလာနိုင်မည်ဖြစ်ကြောင်း။

သွင်းအားစုတွင် ပါဝင်သည့် စက်သုံးဆီများကိုလည်း နိုင်ငံတော်အနေဖြင့် နှစ်စဉ်ပြည်ပမှတင်သွင်းနေရသဖြင့် နိုင်ငံခြားငွေများစွာ သုံးစွဲနေရကြောင်း၊ ပြည်တွင်းမှ ထုတ်လုပ်သည့် စားသောက်ကုန်များ၊ လူသုံးကုန်များနှင့် အဝတ်အထည်များကို အသုံးပြုပြီး ပြည်တွင်းဖြစ်ကို အားပေးခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှုများကို လျှော့ချနိုင်မည်၊ နိုင်ငံ့စီးပွားတိုးတက်ရေးကို များစွာအထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းဖြစ်ကိုအားပေး၍ နိုင်ငံ့စီးပွားရေးကို ထိန်းသိမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

## စိုက်ပျိုးမြေအသုံးချမှုများ စနစ်တကျဖြစ်ရန်နှင့် အကျိုးရှိရှိအသုံးချနိုင်ရန်လို

စိုက်ပျိုးမြေများ အပေါ်တွင် စိုက်ပျိုးရေးနှင့် မသက်ဆိုင်သည့် လုပ်ငန်းများ ဆောင်ရွက်ခြင်းမပြုရန်လိုပြီး စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ အချို့စိုက်ပျိုးမြေ ရယူထားသူများအနေဖြင့် စိုက်ပျိုးမြေများပေါ်တွင် သတ်မှတ်ချက်ထက် ကျော်လွန်သည့် အိမ်ရာများဆောက်လုပ်ခြင်းနှင့် အဆောက်အအုံဆောက်လုပ်ရန်အတွက် ခြံကွက်များပြုလုပ်ထားသည်ကို တွေ့ရှိရကြောင်း၊ စိုက်ပျိုးမြေများကို အခြားနည်းများဖြင့် အသုံးပြုရာတွင် ဥပဒေ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အဆင့်ဆင့်တင်ပြ၍ ခွင့်ပြုချက်ရယူ ဆောင်ရွက်ရန်လိုကြောင်း၊ မြေအသုံးချမှုများ စည်းကမ်းတကျ ဖြစ်စေရေး တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေးသီးနှံများ အထွက်နှုန်းကောင်းမွန်စေရန်အတွက် မျိုး၊ မြေ၊ ရေ၊ နည်းစသည့် စိုက်ပျိုးရေးအခြေခံနည်းလမ်းလေးသွယ်ကို စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြင်ဦးလွင်မြို့သည် အအေးပိုင်းဒေသဖြစ်သဖြင့် ဂျုံသီးနှံများ စိုက်ပျိုးမည်ဆိုပါက ဖြစ်ထွန်းအောင်မြင်နိုင်မည်ဖြစ်ကြောင်း။

စာမျက်နှာ ၆ သို့ »»»

- စိုက်ပျိုးမြေများအပေါ်တွင် စိုက်ပျိုးရေးနှင့်မသက်ဆိုင်သည့်လုပ်ငန်းများ ဆောင်ရွက်ခြင်းမပြုရန်လိုပြီး စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ရန်လို
- အချို့စိုက်ပျိုးမြေရယူထားသူများအနေဖြင့် စိုက်ပျိုးမြေများပေါ်တွင် သတ်မှတ်ချက်ထက်ကျော်လွန်သည့် အိမ်ရာများဆောက်လုပ်ခြင်းနှင့် အဆောက်အအုံဆောက်လုပ်ရန်အတွက် ခြံကွက်များပြုလုပ်ထားသည်ကိုတွေ့ရှိရကြောင်း
- စိုက်ပျိုးမြေများကို အခြားနည်းများဖြင့်အသုံးပြုရာတွင် ဥပဒေစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အဆင့်ဆင့်တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ရန်လို

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယအတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေတို့ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ နေဒီယာ လာဘာဝီ ထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အယ်လ်ဂျီးရီးယား အစိုးရနှင့် မိမိအနေဖြင့် အဆွေတော်အား လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်းနှင့် ရင်းနှီးဖော်ရွေသော မြန်မာပြည်သူများ အစဉ်တိုးတက်သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အခွင့်အခါကြုံခိုက် နှစ်နိုင်ငံ ဘုံအကျိုးစီးပွားအတွက် အယ်လ်ဂျီးရီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ရှိရင်းစွဲ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုကျယ်ပြန့်သော နယ်ပယ်ကဏ္ဍစုံတွင် မြှင့်တင်ဆောင်ရွက်နိုင်ရန် မိမိတို့အနေဖြင့် ယုံကြည်မျှော်လင့်လျက်ရှိကြောင်း ပြောကြားလိုပါသည်။

## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံသို့ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေး၊ ပြည်ပရောက်နိုင်ငံသားများနှင့် အာဖရိကရေးရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အာမက် အက်တက်ဖ် ထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်းနှင့် မြန်မာနိုင်ငံ ဆက်လက်ဖွံ့ဖြိုးတိုးတက်သာယာဝပြောပါစေကြောင်း ဆန္ဒပြုပါသည်။

မြန်မာနှင့် အယ်လ်ဂျီးရီးယား နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ခိုင်မာအားကောင်းစေရန်၊ နှစ်နိုင်ငံ ဘုံအကျိုးစီးပွားအတွက် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များ၌ ဆွေးနွေးညှိနှိုင်းတိုင်ပင်မှု အစဉ်အလာကောင်းများ ပိုမိုမြှင့်တင်နိုင်ရန် မိမိအနေဖြင့် စိတ်အားထက်သန်လျက်ရှိကြောင်း ထပ်လောင်းပြောကြားလိုပါသည်။

»»» စာမျက်နှာ ၅ မှ

MSME ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရန်အတွက် နည်းပညာ၊ ထုတ်လုပ်သည့်စက်ပစ္စည်းများနှင့် ကျွမ်းကျင်သည့် လူသားအရင်းအမြစ်များ လိုအပ်ကြောင်း၊ နို့ထွက်ပစ္စည်း ထုတ်လုပ်မှုနှင့် ပတ်သက်၍ ပြင်ဦးလွင်မြို့မှ ထွက်ရှိသည့် နို့ထွက်ပစ္စည်းများသည် အဆင့်အတန်းတစ်ခုတွင် ရှိသည်ကို တွေ့ရှိရသဖြင့် လက်ရှိထုတ်လုပ်နေသည့် ထုတ်ကုန်များအပြင် အခြားနို့ထွက်ပစ္စည်း စားသောက်ကုန်အမယ်သစ်များကို ဆက်လက်ထုတ်လုပ်သွားမည် ဆိုပါက ယခုထက် ပိုမိုအောင်မြင်တိုးတက်လာနိုင်မည် ဖြစ်ကြောင်း၊ စားသောက်ကုန် လုပ်ငန်းတွင် ပါဝင်သည့် ဝိုင်ထုတ်လုပ်ခြင်း လုပ်ငန်းကို ဆောင်ရွက်ရာတွင်လည်း အဆင့်မြင့်ဝိုင်ထုတ်လုပ်ခြင်းများကို ဆောင်ရွက်သွားမည်ဆိုပါက ဈေးကွက်ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့မှ ထွက်ရှိသည့် ကော်ဖီသည်လည်း အရည်အသွေး ကောင်းမွန်ပြီး ဈေးကွက်တစ်ခု ရရှိထားပြီးဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့တွင်ရှိပြီးဖြစ်သည့် အခြေခံစိုက်ပျိုးရေး ထွက်ကုန်များကို အသုံးပြု၍ စားသောက်ကုန် ပစ္စည်းများကို အရည်အသွေး ပြည့်မီစွာဖြင့် ထုတ်လုပ်သွားရန် လိုကြောင်း၊ အလားတူ ပြင်ဦးလွင်မြို့တွင် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက်လည်း အခြေခံကောင်းများရှိပြီးဖြစ်သည့်အတွက် မွေးမြူရေးလုပ်ငန်းများ အောင်မြင်တိုးတက်အောင် ဆောင်ရွက်ပြီး အေးခဲအသား ထုတ်လုပ်မှုများ ထုတ်လုပ်နိုင်သည်အထိ ဆောင်ရွက်ရန်လိုကြောင်း။

ပြင်ဦးလွင်မြို့သည် ချယ်ရီမြို့တော်၊ ပန်းမြို့တော်ဟု ဂုဏ်သတင်း ကျော်ကြားသည့် အပန်းဖြေမြို့တော် တစ်ခုဖြစ်ကြောင်း၊ အေးချမ်းသာယာသည့် မြို့တစ်မြို့ဖြစ်သဖြင့် ပညာသင်ကြားရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် မူဝါဒချမှတ်ထားပြီး ပညာရေးမြို့တော်၊ ကျန်းမာရေးမြို့တော်အဖြစ်လည်း ဂုဏ်သတင်း ကျော်ကြားအောင် ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ မြို့သာယာလှပတိုးတက်ရေးအတွက် မိမိတို့အနေဖြင့် လိုအပ်သည်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသခံများ အနေဖြင့်လည်း အပန်းဖြေ လာရောက်သူများ အနေဖြင့် စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာဖြင့် သာယာလှပသည့် မြို့၏ အလှအပကို ခံစားလည်ပတ်နိုင်ရေး စည်းကမ်းစနစ်တကျဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ မြို့တွင် နေထိုင်သူများက စနစ်တကျ အမှိုက်စွန့်ပစ်ခြင်းများ ဆောင်ရွက်မည်ဆိုပါက Clean City ဖြစ်လာမည်ဖြစ်ပြီး သစ်ပင်ပန်းမန်များ စိုက်ပျိုးမည်ဆိုပါက Green City ဖြစ်လာမည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့်လည်း ဦးဆောင်မှုပေး၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့အနေဖြင့် တိုင်းပြည် ကောင်းအောင် ဆောင်ရွက်နေခြင်း ဖြစ်သဖြင့် အားလုံးက ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။



အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်းရှိ နှစ် ၁၀၀ နီးပါး သက်တမ်းရှိသော ဂင်ဂိုပင်(Ginkgo Biloba) (ကမ္ဘာဦးပင်)ကို တွေ့ရစဉ်။

○ ပြင်ဦးလွင်မြို့သည် ချယ်ရီမြို့တော်၊ ပန်းမြို့တော်ဟု ဂုဏ်သတင်းကျော်ကြားသည့် အပန်းဖြေမြို့တော်တစ်ခုဖြစ်

○ အေးချမ်းသာယာသည့် မြို့တစ်မြို့ဖြစ်သဖြင့် ပညာသင်ကြားရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် မူဝါဒချမှတ်ထားပြီး ပညာရေးမြို့တော်၊ ကျန်းမာရေးမြို့တော်အဖြစ်လည်း ဂုဏ်သတင်းကျော်ကြားအောင် ဆက်လက်ဆောင်ရွက်သွားရမည်

### ဒေသထွက်စားသောက်ကုန်များအား ကြည့်ရှုအားပေး

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ကော်ဖီလုပ်ငန်းရှင်များနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ပြီး ခင်းကျင်းပြသထားသည့်ဒေသထွက်ကော်ဖီထုတ်ကုန်များနှင့် ဒေသထွက်စားသောက်ကုန်ပစ္စည်းများကို စိတ်ဝင်တစားဖြင့် လှည့်လည်ကြည့်ရှုခဲ့ပြီး ဈေးကွက်ရရှိမှုအခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် တာဝန်ရှိသူများက ပြခန်းများအလိုက် လိုက်လံရှင်းလင်းတင်ပြခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ ရောက်ရှိကြပြီး အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် (၁၇)ကြိမ်မြောက် ပန်းပွဲတော်အား စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်ထားရှိမှုများအား ကြည့်ရှုအားပေးပြီး အပန်းဖြေလာရောက်ကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဥယျာဉ်အတွင်းရှိ နှစ် ၁၀၀ နီးပါး သက်တမ်းရှိသော ဂင်ဂိုပင်(Ginkgo Biloba) (ကမ္ဘာဦးပင်)အား ကြည့်ရှုပြီး စနစ်တကျ ထိန်းသိမ်း ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားသည်။ အဆိုပါ ဂင်ဂိုပင် (Ginkgo Biloba) သည် တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံနှင့် အနောက်နိုင်ငံများတွင် ထင်ရှားကျော်ကြားသည့် အပင်မျိုးစိတ်တစ်ခုဖြစ်ကြောင်း၊ တရုတ်နိုင်ငံအတွင်းရှိပြည်နယ်အများအပြား၌ ဆောင်းဦးရာသီတွင် အဝါရောင်အရွက်များ ဖုံးလွှမ်းလျက်ရှိသည့် ဂင်ဂိုပင်များကို တွေ့ရှိရနိုင်ပြီး အချို့အပင်များသည် နှစ်ပေါင်းထောင်ချီ သက်တမ်းရှိပြီဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က အမျိုးသားကန်တော်ကြီး ဥယျာဉ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ချယ်ရီပင်အားစိုက်ပျိုးပေးပြီး ကန်တော်ကြီးဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုကာ ကန်တော်ကြီးအတွင်း မွေးမြူထားသည့် ငါးများနှင့် ဘဲငန်းများအား အစာကျွေးမွေးခဲ့သည်။

ယင်းနောက် ဥယျာဉ်ရှင်းလင်းဆောင်၌ ဥယျာဉ်တာဝန်ခံကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် ဦးရာဇာထွေးက အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် (၁၇)ကြိမ်မြောက် ပန်းပွဲတော်အား စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပခဲ့မှုနှင့် ဥယျာဉ် ရေရှည်တည်တံ့ခိုင်မြဲစေရေး ဆောင်ရွက်လျက်ရှိမှု၊ ဥယျာဉ်ခြံစည်းရိုးအသစ် တည်ဆောက်ရန်လျာထား ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် (၁၇)ကြိမ်မြောက် ပန်းပွဲတော်မှတ်တမ်းဓာတ်ပုံများအား စနစ်တကျထိန်းသိမ်းထားရှိ၍ ပြခန်းပြသထားရှိရန်၊ ဥယျာဉ်အတွင်း အမြဲစိမ်းလန်းစိုပြည်ရန်နှင့် သန့်ရှင်းသာယာလှပမှုရှိစေရန်၊ ကန်တော်ကြီးအတွင်း ရေဝင်ရေထွက်များရှိစေရေး အမြဲထိန်းသိမ်း ဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ဥယျာဉ်တာဝန်ခံကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ်က အမျိုးသားကန်တော်ကြီး ဥယျာဉ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် လက်ဆောင်အား ဂါရဝပြုပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## နှစ်ပေါင်းထောင်နှင့်ချီ၍ အသုံးခံနိုင်မည့် စိန်ဓာတ်ခဲ ဘရစ္စတောတက္ကသိုလ်မှ ပညာရှင်များ တီထွင်ဖန်တီး



နှစ်ပေါင်းထောင်နှင့်ချီ၍ အသုံးခံနိုင်မည့် ဓာတ်ခဲတစ်မျိုးကို အမေရိကန်ပြည်ထောင်စု ဘရစ္စတောတက္ကသိုလ်မှ ပညာရှင်များ

မကြာသေးမီက တီထွင်ဖန်တီးနိုင်ခဲ့ကြောင်း သိပ္ပံနှင့်နည်းပညာ ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ပါမောက္ခ တွမ်စကော့ ဦးဆောင်သော သိပ္ပံပညာရှင်တစ်စုသည် ဓာတ်ခဲများ၏ ကြာရှည်ခံမှုအခြေအနေကို စူးစမ်းလေ့လာပြီး နည်းပညာမျိုးစုံဖြင့် တီထွင်စမ်းသပ်ကြည့်ခဲ့ရာမှ စိန်ဖြင့် ပြုလုပ်သော ဓာတ်ခဲကို ဖန်တီးနိုင်ခဲ့ခြင်းပင် ဖြစ်သည်။

စိန်ဟုဆိုရာတွင် ကာဗွန် ၁၄ ဒြပ်စင်ကို အဓိကထားပြီး သုံးစွဲထားခြင်းဖြစ်သည်ဟု ဦးဆောင်သုတေသီ ပါမောက္ခ တွမ်စကော့က ရှင်းပြသည်။

စိန်ဓာတ်ခဲအမျိုးအစားသည် အနာဂတ်တွင် ရေပန်းစားလာမည့် နည်းပညာထုတ်ကုန်သစ် ဖြစ်လာနိုင်ကြောင်း သိရသည်။

(SCI)



## Bhairathi Ranagal ရုပ်ရှင်ဇာတ်ကားတွင် ဘဝအလှည့်အပြောင်းများ မြင်တွေ့ရ

ဘောလီဝုဒ်ဇာတ်ကားသစ် Bhairathi Rangal ရုပ်ရှင်တွင် ရှာမှ ရှားသည့် သူလို့လူ ဘဟိုင်ရာသီရာနဂယ်၏ ဘဝအလှည့်အပြောင်းများကို မြင်တွေ့ကြရမည်ဟု ဘောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဇာတ်အိမ်ကောင်းကောင်းနှင့် ဘောလီဝုဒ်ဒရမ်မာဇာတ်ကားတွင် ဘဟိုင်ရာသီရာနဂယ်သည် ငယ်စဉ်ကပင် ထောင်ထဲ၌ ကြီးပြင်းခဲ့ပြီး ဥပဒေပညာကြိုးစား သင်ယူခဲ့ရာမှ ရှေ့နေတစ်ဦးအဖြစ် ထောင်မှ ထွက်ချိန်တွင် ရပ်ရွာအကျိုး ဆောင်ရွက်ခဲ့သည်။

ဘဝမလှပခဲ့သည့် ဘဟိုင်ရာသီရာနဂယ်မှ ရှေ့နေဘဝတွင်လည်း အလှည့်အပြောင်းများစွာနှင့် ကံကြမ္မာ၏ ကျီစယ်မှုကို ကြံ့ကြံ့ခံရင်ဆိုင်သွားပုံအကြောင်း ရိုက်ကူးတင်ပြထားသည်။

ဝါရင့်မင်းသားကြီး၏ သရုပ်ဆောင်ချက်များနှင့် ချောမောလှပသော မင်းသမီးလေးတို့၏ အက်ရှင်ဒရမ်မာကားဖြစ်ပြီး ၂၀၂၄ ခုနှစ်ထွက် ဇာတ်ကားသစ်ဖြစ်သည်။

(SKY)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Wang Yibo ၏ War of Faith ဒရမ်မာ ဆုနှစ်ဆု ရ



တရုတ်အနုပညာလောကမှ နှစ်ကုန်ဆုပေးပွဲတစ်ခုဖြစ်သည့် iQ iYi ၏ Scream Night ဆုပေးပွဲတွင် Wang Yibo ပါဝင်ထားသည့် War of Faith က ဆုနှစ်ဆု ဆွတ်ခူးရရှိခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဒရမ်မာကားသည် ပရိသတ်အကြိုက်ဆုံးဆုနှင့် iQ i-Yi ၏ အထူးဂုဏ်ပြုဆုနှစ်ဆုကို ဆွတ်ခူးရရှိသွားသည်။

ယင်းအနုပညာဆုပေးပွဲသို့ Wang Yibo တက်ရောက်ခြင်း မရှိသော်လည်း WeChat တွင် Wang Yibo နှင့် သူပါဝင်သည့် ဇာတ်ကားကို ရှာဖွေကြည့်ရှုသူ ပေါင်းများစွာနှင့် ထိပ်ဆုံးစာရင်းဝင်ခဲ့သည်။

Wang Yibo မှာ ပွဲတက်အနုပညာရှင်များကို ကျော်လွန်၍ ရှာဖွေသူအများဆုံး စာရင်းဝင်ခဲ့ရသည်ထိ ပရိသတ်အားပေးမှုနှုန်းမြင့်မားစွာ ရရှိထားကာ Wang Yibo သည် 2025 Hunan TV New Year's Eve Gala Concert အတွက် သီချင်းသစ်ချပြမှုကို ပရိသတ် မျှော်လင့်နေကြသည်။

(SKY)

## Jeon Somin သရုပ်ဆောင်ထားသည့် Sorry Not Sorry ကြည့်ရှုနှုန်း ကျဆင်း

ရသစုံရှိုး Running Man မှ ထွက်ခဲ့သော ဂျောင်ဆိုမင်သည် သရုပ်ဆောင်လောကသို့ ဝင်ရောက်၍ ဇာတ်ကားများ ရိုက်ကူးထားသော်လည်း ပရိသတ်အားပေးမှုမရဘဲ သူခေါင်းဆောင်ထားသည့် Sorry Not Sorry မှာ အပိုင်းသုံးအထိ ကြည့်ရှုနှုန်း ကျဆင်းနေဆဲဟု ကိုရီးယားဘိုး ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျောင်ဆိုမင်က အဆိုပါ ဇာတ်ကား သတင်းစာရှင်းလင်းပွဲတွင် ကြည့်ရှုနှုန်းမြင့်မားလျှင် ကောင်းမည်ဖြစ်ပြီး ကော်ဖီဆိုင်၊ စားသောက်ဆိုင်များ သွားသည့်အခါ ၄င်းကားကြည့်ရတာ ကြိုက်သည်ဟုပြောလျှင် အောင်မြင်သည်ဟု ပြောရမည်ဖြစ်သည်ဟု ပြောကြားထားသည်။

ဆက်လက်၍ Running Man နှင့်တွဲပြီး သိရှိနေကြသည့် ပရိသတ်များက ဇာတ်လမ်းသစ်တွင် သူ၏ သရုပ်ဆောင်မှုကို သဘောကျလာရန် မျှော်လင့်ပါသည်ဟု ပြောခဲ့သော်လည်း ထင်သလို ဖြစ်မလာခဲ့ချေ။ (SKY)



## MEOVV အဖွဲ့၏ Toxic သီချင်းမှာ ခံစားမှုရသ ပါရှိ

K Pop မျိုးဆက်သစ် အမျိုးသမီးငါးဦးနှင့် ဖွဲ့စည်းထားသည့် MEOVV အဖွဲ့၏ Toxic သီချင်းမှာ ခံစားမှုရသကို အဓိကပေးထားသည့်ဂီတဖြစ်ကြောင်း ဆွန်ပီ ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဖွဲ့ဝင်အားလုံး၏ အသံစွမ်းရည်ကို အစွမ်းကုန် ထုတ်ပြထားရာ MEOVV တွင် သူတို့ ကိုယ်ရည်သွေးထားကြပြီး Toxic တွင် ပြောချင်သော အကြောင်းအရာကို စိတ်ခံစားမှုနှင့် လှပစွာ ပုံဖော်ထားကြသည်။

အသံအနိမ့်၊ အမြင့် အသံကာလာများကို ပြည့်ဝစွာ ခံစားနိုင်ရန် သေသပ်စွာ ချပြထားကာ ရက်ပ်အပိုင်းတွင် အရာအားလုံး ချုပ်ချယ်လွန်း၊ အကြောင်းမတိုက်ဆိုင်၍ ရန်ဖြစ်ရတိုင်း စွန့်ပစ်ရန် တွေးမိသော်လည်း အရာအားလုံး ပုံအပ်ထားပြီးဖြစ်၍ ဆက်ငြိတွယ်နေကြောင်း သီဆိုသွားသည်။

နှာယင်း၏ အဆွေးဓာတ်နှင့် အလေးဓာတ် ပိုင်နိုင်မှု၊ ဂါဝမ်၏ အသံပါဝါနှင့် ကိုယ်ခန္ဓာလှုပ်ရှားရာတွင် စည်းချက်ညီမှုတို့ကြောင့် MEOVV အဖွဲ့၏ Toxic သီချင်းမှာ ခံစားမှုရသကို အဓိက ပေးစွမ်းနိုင်ခဲ့သည်။

(SKY)




## Top @ Choi Seung Hyun ဏ Squid Game 3 ဇာတ်ရုပ်နှင့် လူကြိုက်များလာ

ကမ္ဘာကျော် လူကြိုက်များ အားပေးမှုရရှိထားသည့် Squid Game ကို အပိုင်း တစ်နှင့် နှစ် တွင် ကစားနည်းများ ရပ်ရန် ကြိုးစားခဲ့ကြပြီး အပိုင်းသုံးတွင် ဘစ်ဘန်းအဖွဲ့ဝင်ဟောင်း တော့ပ်(ခေါ်)ချွိုင်ဆောင်ဟန် ပါဝင်ထား၍ လူကြိုက်များအားပေးမှုရရှိထားကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကား အပိုင်းတစ်တွင် လီဂျောင်ဂျေးနှင့် ဝီဟာဂျွမ်တို့ အဓိက ပါဝင်ထားပြီး အပိုင်းနှစ်တွင် ဂေါင်ယို ပါဝင်ပြီး အစပိုင်းတွင်ပင် သေဆုံးသွားခဲ့ကာ အပိုင်းသုံးတွင် အဓိကသရုပ်ဆောင် လီမြောင်ဟွန်းက အစပိုင်းနေရာမှ ပါဝင်ထားကာ အနုပညာရှင်များစွာနှင့် တော့ပ်က ခရမ်းရောင် ဆံပင်နှင့် ထင်ပေါ်နေခဲ့သည်။

အပိုင်းခြောက်တွင် တော့ပ်ကို သူ့ဘေးမှ တပည့်ပုံစံနှင့်လူက အိမ်သာအတွင်း ခရင်းနှင့် လုပ်ကြံခံ၍ ဇာတ်သိမ်းခဲ့ရသော်လည်း သူပါဝင်ထားသည့်အခန်းများတွင် သေဘေးနှင့် ရင်ဆိုင်ရသည်ကို ပျော်ရွှင်နေသူတစ်ဦးအဖြစ် မြင်ရ၍ ပရိသတ်အားပေးခဲ့ကြသည်။

(SKY)




## Justin Bieber ၏ ဖခင်က သူ့သားအတွက် ဂုဏ်ယူနေကြောင်း ပြောကြားထား

ဂျက်စတင်ဘီဘာ၏ ဖခင် ဂျယ်ရမီဘီဘာက သူ့သားကို ငယ်စဉ်ကတည်းက ပြုစုပျိုးထောင်ခဲ့ပြီး အောင်မြင်မှုများစွာ ရရှိထားကာ သာယာသောအိမ်ထောင်ရေးကို တည်ဆောက်ထား၍ ဂုဏ်ယူကြောင်း ပြောကြားထားသည်ဟု Twitter လူမှုကွန်ရက်တွင် တင်ထားကြောင်း ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



ဂျက်စတင်ဘီဘာသည် ငယ်စဉ်ကပင် အနုပညာဂီတလောကထဲသို့ ရောက်ရှိခဲ့ပြီး အောင်မြင်မှုများစွာ သိမ်းပိုက်ထားကာ ဟေလီဘီဘာနှင့် လက်ထပ်၍ သားဦးလေးမွေးဖွားကာ သာယာသော အိမ်ထောင်ရေးကို တည်ဆောက်ထားသည်။

ဂျက်စတင်ဘီဘာက သားလေး မွေးပြီးနောက် အရာရာ ပြောင်းလဲသွားပြီး အနာဂတ်အစီအစဉ်များပါ ချမှတ်ထားသည်ကို တွေ့ရ၍ ဖခင်ဖြစ်သူက သားအတွက် ဂုဏ်ယူမဆုံးဖြစ်နေကာ Twitter လူမှုကွန်ရက်တွင် သားပုံတင်ထားသည်ကို တွေ့ရသည်။

(SKY)

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ဂျပန်ဝန်ကြီးချုပ် ရှီဂေးရုအိရှီဘ ဂျကာတာသို့ရောက်ရှိ၊ ဝန်ကြီးချုပ် ပရာဘိုဝိုဆူဘီယန်တိုနှင့် တွေ့ဆုံဆွေးနွေး




**ဂျကာတာ ဇန်နဝါရီ ၁၁**

ဂျပန်ဝန်ကြီးချုပ် ရှီဂေးရုအိရှီဘ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တော်သို့ ဇန်နဝါရီ ၁၁ ရက်က တရားဝင်အလည်အပတ်ရောက်ရှိလာပြီး အင်ဒိုနီးရှားဝန်ကြီးချုပ် ပရာဘိုဝိုဆူဘီယန်တိုနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါဝန်ကြီးချုပ်နှစ်ဦး တွေ့ဆုံစဉ် ဂျပန်-အင်ဒိုနီးရှား နှစ်နိုင်ငံသံတမန်ဆက်ဆံရေး၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး၊ ကုန်သွယ်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ဖော်ပြသည်။


နှစ်နိုင်ငံ ရေကြောင်းလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် အင်ဒိုနီးရှားနိုင်ငံအတွက် ဂျပန်နိုင်ငံက ကင်းလှည့်အမြန်စက်လှေနှစ်စင်း လက်ဆောင်ပေးသွားမည်ဟု ဧည့်သည်တော် ဂျပန်ဝန်ကြီးချုပ် ရှီဂေးရုအိရှီဘက အတည်ပြုပြောကြားကြောင်း သိရသည်။

**Mon**

0-0-0-0-0



တရုတ်နိုင်ငံသို့ ဇန်နဝါရီ ၁၁ ရက်က အလည်အပတ်ရောက်ရှိလာသော ဗြိတိန်ဘဏ္ဍာရေးဝန်ကြီး ရေချယ်ရီးဗ်စ်ကို တရုတ်ဒုတိယသမ္မတ ဟန်ကျင်းက ပေကျင်းမြို့တော်ရှိ ပြည်သူ့ခန်းမဆောင်တွင် လက်ခံတွေ့ဆုံစဉ်။ **Mon**




## အသက် ၃၅ နှစ်အရွယ် ဒေါက်တာအန်ဂျယ်လာတာဘီရီ ဂါနာနိုင်ငံ၏ သင်္ချာဘုရင်မအဖြစ် ထင်ပေါ်ကျော်ကြား

**အက်ကရာ ဇန်နဝါရီ ၁၁**

အသက် ၃၅ နှစ်အရွယ် ဒေါက်တာအန်ဂျယ်လာတာဘီရီသည် ဂါနာနိုင်ငံ၏ သင်္ချာဘုရင်မအဖြစ် ထင်ပေါ်ကျော်ကြားလျက်ရှိကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၄င်းသည် ၂၀၂၄ ခုနှစ်က ကျင်းပခဲ့သော အင်တာနက်ကွန်ရက်အတွင်းရှိ ကမ္ဘာ့သင်္ချာဝါသနာရှင်များ၏ သင်္ချာပြိုင်ပွဲ၌ ပထမဆုဆွတ်ခူးရရှိခဲ့သည်။

ထိုသင်္ချာပြိုင်ပွဲတွင် အာဖရိကနွယ်ဖွားများထဲမှ ပထမဆုံးဆုရရှိသူအဖြစ် ဒေါက်တာအန်ဂျယ်လာတာဘီရီကိုမှတ်တမ်းတင်ခဲ့သည်။

ကမ္ဘာ့ထိပ်တန်းသင်္ချာဝါသနာရှင် ၁၆ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ အခက်ခဲဆုံးသင်္ချာပုစ္ဆာများ၊ ညဏ်စမ်းများကိုငှင်းအနေဖြင့် အမှတ်အများဆုံးရအောင် ဖြေဆိုနိုင်ခဲ့ခြင်းဖြစ်သည်။

ဂါနာနိုင်ငံတွင် သင်္ချာပညာကို အမျိုးသမီးများသင်ယူရန် ခေတ်အဆက်ဆက်က အားမပေးခဲ့သဖြင့် နောက်ပိုင်းတွင် မိမိကဲ့သို့ ထူးချွန်သော သင်္ချာကျွမ်းကျင်သူများပေါ်ထွက်လာရန် သင်္ချာသင်တန်းများ ပို့ချပေးသွားမည်ဟု ၄င်းက ထုတ်ဖော်ပြောကြားကြောင်း သိရသည်။ **Mon**

## ကာလီဖိုးနီးယားတောင်ပိုင်း တောမီးကို ငြိမ်းသတ်ရာ၌ အကျဉ်းသားများ ရာနှင့်ချီ၍ ပူးပေါင်းပါဝင်လျက်ရှိ

**ဝါရှင်တန် ဇန်နဝါရီ ၁၁**


အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားတောင်ပိုင်းတွင် အရှိန်ပြင်းစွာဆက်လက်တောက်လောင်နေသော တောမီးများကို ငြိမ်းသတ်ရာ၌ အကျဉ်းသားများ ရာနှင့်ချီ၍ ပူးပေါင်းပါဝင်လျက်ရှိကြောင်း စီအင်န်အေသတင်းဌာနကဖော်ပြသည်။

ထိုတောမီးများကို ထိရောက်စွာမထိန်းချုပ်နိုင်ခဲ့ရာမှ လော့စ်အိန်ဂျယ်လိစ်မြို့ ဆင်ခြေဖုံးရပ်ကွက်များကိုပင် ခြိမ်းခြောက်ကာ အိမ်ခြေပေါင်း ၁၀၀၀၀ ကျော် မီးသင့်ပျက်စီးခဲ့ရသည်။

ထိုတောမီးများ ဖြန့်ကြက်ရောက်ရှိခဲ့သည့်နယ်နိမိတ်သည် ဧကပေါင်း ၃၇၀၀ ခန့်အထိရှိနေပြီဖြစ်ရာ အရေးပေါ်လုပ်သားပေါင်း ထောင်နှင့်ချီ၍ ဝိုင်းဝန်းငြိမ်းသတ်နေကြသည်။

အကျဉ်းသားများထဲမှ လျှော့ရက်နှင့်အပြင်ထွက်ခွင့်ရသူများကို စေတနာ့ဝန်ထမ်း မီးသတ်အဖွဲ့ထဲသို့ပါဝင်ခွင့်ပေးကာ မီးငြိမ်းသတ်စေခဲ့ခြင်းဖြစ်သည်။

ထိုသို့ ပါဝင်မီးငြိမ်းသတ်ပေးကြသော အကျဉ်းသားများကို သက်ဆိုင်ရာအကျဉ်းထောင်အသီးသီးက တစ်ရက်လျှင် ၅ ဒေါ်လာမှ ၁၀ ဒေါ်လာအထိ ခံစားခွင့်ပေးကြောင်းသိရသည်။ **Mon**



## ဗီယက်နမ်နိုင်ငံ၌ မှတ်ပုံတင်ထားသောကုန်သင်္ဘော စင်ကာပူရေပြင်ပိုင်နက်အတွင်း နစ်မြုပ်မှုဖြစ်ပွား




**စင်ကာပူ ဇန်နဝါရီ ၁၁**

ဗီယက်နမ်နိုင်ငံ၌ မှတ်ပုံတင်ထားသော လင်းပိုင် ၁၈ ဟု အမည်ရသည့် ကုန်သင်္ဘော ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းက စင်ကာပူရေပြင်ပိုင်နက်အတွင်း နစ်မြုပ်မှုဖြစ်ပွားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံ ဖောင်တောင်ဆိပ်ကမ်းမှ ရေမိုင် ၂၇၄ မိုင်ခန့်အကွာတွင် ထိုကုန်တင်သင်္ဘောတိမ်းမှောက်နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

စင်ကာပူ ကမ်းရိုးတန်းစောင့်တပ်ဖွဲ့ဝင်များနှင့် ကယ်ဆယ်ရေးအဖွဲ့များက နစ်မြုပ်နေသောထိုသင်္ဘောရှိရာသို့ ချက်ချင်းသွားရောက်ပြီးကယ်ဆယ်ခဲ့ရာ စီးနင်းလိုက်ပါလာသူ ၁၈ ဦးစလုံး အသက်ရှင်ခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0

0-0-0




## အမေရိကန် ဆောင်းမှန်တိုင်းဒဏ်ပြင်းထန်နေဆဲ လေကြောင်းခရီးစဉ်များထောင်နှင့်ချီ၍ ဆိုင်းငံ့ထား

**ဝါရှင်တန် ဇန်နဝါရီ ၁၁**

အမေရိကန်ပြည်ထောင်စုတွင် ဆောင်းမှန်တိုင်းဒဏ်ပြင်းထန်နေဆဲဖြစ်ရာ ပြည်တွင်းပြည်ပ ခရီးသည်တင်လေကြောင်းခရီးစဉ်များ ထောင်နှင့်ချီ၍ ဆိုင်းငံ့ထားရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဆန်ဖရန်စစ္စကိုအပါအဝင် အမေရိကန်မြို့အသီးသီးတွင် အပူချိန်သည် ရေခဲအမှတ်အောက် ၁၈ ဒီဂရီဆဲလ်စီယပ်သို့ရောက်ရှိနေသည်။

နှင်းများဆက်တိုက်တဖွဲဖွဲကျနေပြီး လေယာဉ်များပျံသန်းရန် လုံးဝမဖြစ်နိုင်သဖြင့် ယာယီရပ်တန့်ထားရခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

## ဂျယ်ဂျူးလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ် ပျက်မကျမီ ၄ မိနစ်ခန့်၌ ခရီးစဉ်မှတ်တမ်းများရပ်တန့်ခဲ့

**ဆိုးလ် ဇန်နဝါရီ ၁၁**

ယမန်နှစ် ဒီဇင်ဘာ ၂၉ ရက်က တောင်ကိုရီးယားအခြေစိုက် ဂျယ်ဂျူးလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ် ပျက်ကျခဲ့သောဖြစ်ရပ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ရာ ယင်းလေယာဉ်ပျက်မကျမီ ၄ မိနစ်ခန့်၌ သေတ္တာနက်အတွင်း အလိုအလျောက်မှတ်တမ်းတင်သော ခရီးစဉ်မှတ်တမ်းများရပ်တန့်သွားသည်ကို တွေ့ရှိခဲ့သည် ဟု ပို့ဆောင်ရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၁ ရက်တွင် အတည်ပြုကြေညာခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ခရီးစဉ်အမှတ်၇ စီ ၂၂၁၆ ဘိုးရင်း ၇၃၇-၈၀၀ အမျိုးအစားဂျက်လေယာဉ်သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တော်မှ ပျံသန်းလာခဲ့ရာ တောင်ကိုရီးယားနိုင်ငံ မူအန်း လေဆိပ်သို့အရောက်တွင် ဘီးချမရသဖြင့် ဝမ်းပိုက်ဖြင့် အရေးပေါ်ဆင်းသက်ခဲ့ရာမှ ကွန်ကရစ် စည်းရိုးဖြင့်ဝင်တိုက်ပြီးနောက် ပျက်ကျပေါက်ကွဲမီးလောင်ကာ စီးနင်းလိုက်ပါလာသူ ၁၈၁ ဦး အနက်မှ ၁၇၉ ဦးသေဆုံးပြီး လေယာဉ်ဝန်ထမ်း၂ ဦးသာ အသက်ရှင်သန်ခဲ့သည်။

ပျက်ကျခဲ့သောလေယာဉ်၏ အင်ဂျင်တစ်ခုကိုခွဲကြည့်သောအခါ ငှက်မွေးများကိုတွေ့ရသဖြင့် လေယာဉ်ပျက်မကျမီ ငှက်နှင့်ဝင်တိုက်မိခဲ့သည့် သက်သေအထောက်အထားကို တွေ့ရှိခဲ့သည်။

သို့ရာတွင် ထိုငှက်ကိုဝင်တိုက်မိရုံမျှဖြင့် လေယာဉ်ပျက်ကျခြင်းမဟုတ်ကြောင်း ကျွမ်းကျင်သူများက ထောက်ပြကြသဖြင့် ခရီးစဉ်မှတ်တမ်း သေတ္တာနက်ထဲမှရရှိလာမည့် အထောက်အထားကို ဆက်လက်ရှာဖွေနေကြခြင်းဖြစ်သည်။

ထိုသို့ရှာဖွေနေစဉ် သေတ္တာနက်များထဲရှိ မှတ်တမ်းစနစ် ရပ်တန့်သွားခဲ့သည်ဆိုသဖြင့် ထိုလေယာဉ်ပျက်ကျရသည့်အကြောင်းအရင်းကိုဖော်ထုတ်ရန် မျှော်လင့်ထားသည်ထက် ပို၍ခဲယဉ်းမည်ဖြစ်ကြောင်း သိရသည်။

**Mon**



**STOP AIDS**

## ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် မန္တလေးတိုင်းဒေသကြီး ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးစည်းခုံစေတီတော် ပြုပြင်ထိန်းသိမ်းရေး ဘက်စုံလွှမ်းခြုံသောအစီအစဉ် (Master Plan) ရေးဆွဲနိုင်ရေး ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်

ညောင်ဦး ဇန်နဝါရီ ၁၁

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ပုဂံညောင်ဦးမြို့ရှိ ရွှေစည်းခုံစေတီတော် ဂေါပကရုံး၌ ကျင်းပသည့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရွှေစည်းခုံစေတီတော်ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်ရာတွင် ဘက်စုံလွှမ်းခြုံသောအစီအစဉ် (Master Plan)ရေးဆွဲနိုင်ရေး ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။**



အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီဥက္ကဋ္ဌ၊ မြန်မာသမိုင်းအဖွဲ့ ပညာရှင်၊ အသိပညာရှင် အတတ်ပညာရှင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တက်ရောက်လာကြသည့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ ကောင်စီ၊ မြန်မာသမိုင်းအဖွဲ့စသည်တို့မှ ပညာရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ရွှေစည်းခုံစေတီတော် Master Plan (မူကြမ်း) ပေါ်ထွက်လာရေးအတွက် ဆွေးနွေးမှုများအရ ထပ်မံဖြည့်စွက်ရမည့်အချက်များ၊ ပြင်ဆင်ရမည့်အချက်များကို ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်းများဆောင်ရွက်ပြီး သတ်မှတ်ကာလအတွင်း ရေးဆွဲပြီးစီးနိုင်ရေး ဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံတိုက်တွန်းကြောင်းနှင့် ရေးဆွဲပြီးစီးပါက နိုင်ငံတော်အကြီးအကဲထံ အတည်ပြုချက်ရယူပြီး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သဖြင့် မြန်မာနိုင်ငံ ဗိသုကာကောင်စီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် ဆက်စပ်ဌာနဆိုင်ရာများက ရွှေစည်းခုံစေတီတော် (Master Plan) ကို အကောင်းဆုံးဖြစ်အောင် ကူညီရေးဆွဲပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဘက်စုံလွှမ်းခြုံသော လုပ်ငန်းအစီအစဉ် (Master Plan) ရေးဆွဲလျက်ရှိသော အဖွဲ့များက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပထမ မဟာရံတံတိုင်းအတွင်းရှိ အရံစေတီများ၊ နောင်းခေတ်လက်ရာစေတီများ၊ ဗိမာန်၊ တန်ဆောင်း၊ သာသနိကအဆောက်အအုံများ၊ မဟာရံတံတိုင်းအတွင်း၊ အပြင်နှင့် စေတီတော်ပရိဝုဏ်မြောက်ဘက်ရှိ ဧရာဝတီမြစ်ဆိပ်အနီးဆင်းသည့် ရှေးဟောင်းအုတ်လှေကား၊ သရပါတံခါးအနီး ကျုံးကူးတံတား (Box Culvert) ပြုလုပ်မည့် အစီအစဉ်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပုဂံမြို့ အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မန္တလေးတိုင်းဒေသကြီး ပုဂံ-ညောင်ဦးမြို့အတွင်းရှိ ဘုရားစေတီများတွင် (Pagoda Digital Directory) ဘုရားသမိုင်းနှင့် ဘုရားဖူးလမ်းညွှန်များ တပ်ဆင်မည့် အခြေအနေရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အထင်ကရဘုရား ၁၄ ဆူတွင် Touch Screen ဖြင့် ဘုရားသမိုင်းနှင့် ဘုရားဖူးလမ်းညွှန်များထားရှိပြီး Pagoda Digital Directory Portal ထဲတွင် ထည့်သွင်းနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်ကိုလည်းကောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဦးစီးအရာရှိက ဘုရားသမိုင်းနှင့် ဘုရားဖူးလမ်းညွှန် Pagoda Digital Directory နှင့် ပတ်သက်၍ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းစဉ်များနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြား၍ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## နိုင်ငံအကျိုး လက်ဆင့်ကမ်းသယ်ပိုးဆောင်ရွက်မည့် မျိုးဆက်သစ်များ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိစေရေး လေ့ကျင့်ပျိုးထောင်ပေး

## တက္ကသိုလ်များအလိုက် လူရည်ချွန်များရွေးချယ်မည်ဖြစ်သဖြင့် ရွေးချယ်ရေးမူနှင့်အညီ စနစ်တကျ ရွေးချယ်ဆောင်ရွက်ပေးရန်လိုအပ်

နေပြည်တော် ဇန်နဝါရီ ၁၁

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ တက္ကသိုလ် ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများနှင့် တိုင်းဒေသကြီး၊ ပြည်နယ် ပညာရေးမှူးများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ အခြေခံပညာကျောင်းများနှင့် ရုံးဌာနများတွင် ပညာရေးနှင့်သက်ဆိုင်သည့် အခမ်းအနားများကို မြန်မာ့ယဉ်ကျေးမှုနှင့်အညီသာ ကျင်းပဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပညာရေးနှင့် ဆက်စပ်ဝန်ကြီးဌာနများတွင် တက္ကသိုလ်များအလိုက် လူရည်ချွန်များရွေးချယ်မည်ဖြစ်သဖြင့် ရွေးချယ်ရေးမူနှင့်အညီ စနစ်တကျ ရွေးချယ်ဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း၊ တက္ကသိုလ်များတွင် ကျောင်းသား ကျောင်းသူများ၏ အခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်ရန် အုပ်ထိန်းသူစနစ်ထားရှိပေးကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပညာရေးမှူးများအနေဖြင့် မိမိတို့တာဝန်ယူရသည့် နေရာဒေသအလိုက်၊ ကျောင်းများအလိုက် ပညာရေးအရည်အသွေးတိုးတက်ရေး၊ စီမံခန့်ခွဲမှု အရည်အသွေးကောင်းမွန်ရေး၊ ပညာရေးဆိုင်ရာ အဆောက်အအုံများ အရည်အသွေးကောင်းမွန်ရေးအတွက် စနစ်တကျ ကြီးကြပ်စီမံကြရမည်ဖြစ်ကြောင်း၊ ကျောင်းသားလူငယ်များကို အနာဂတ်သားကောင်းရတနာများ ဖြစ်လာစေရေးအတွက် စိတ်ကောင်းရှိရန်၊ ပညာတတ်ရန်၊ ဂါရဝတရားရှိရန်၊ မိမိနိုင်ငံ၏ယဉ်ကျေးမှုကို ထိန်းသိမ်းရန်၊ အကျင့်စာရိတ္တ ကောင်းမွန်ရန်၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိစေရန် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ကျောင်းသား ကျောင်းသူများ အမှန်တကယ် စာတတ်မြောက်အောင်သင်ကြားရန်၊ စဉ်းစားတွေးခေါ်မှုကို အားပေးသည့် သင်ကြားနည်း စနစ်များကို အသုံးပြုသင်ကြားရေး အားပေးကြီးကြပ်ရန် ကိစ္စများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက အခြေခံပညာကဏ္ဍ စီမံခန့်ခွဲမှုဆိုင်ရာ၊ သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ တက်ရောက်လာကြသူများက ပညာသင်ကြားရေး၊ စီမံခန့်ခွဲရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းပြေးခုန်ပစ်ပြိုင်ပွဲ၊ အမျိုးသမီး သံပြားဝိုင်းပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် မနန်းအွမ်ဆိုင်ခမ်းအား ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

### အားအနည်းငယ်ရှိသော လာနီညာအခြေအနေအဆင့်တွင် ဆက်လက်တည်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၁

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအနည်းငယ်ရှိသော လာနီညာအခြေအနေသို့ ရောက်ရှိနေသည်။ နိုင်ငံတကာ မိုးလေဝသဌာနများ၏ သင်္ချာပုံစံပြမော်ဒယ်များ ခန့်မှန်းချက်အရ ဇန်နဝါရီလအတွင်း အားအနည်းငယ်ရှိသော လာနီညာအဆင့်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

လာနီညာဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ် ဖြစ်သော်လည်း အဆိုပါ လာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် အရှေ့ဘက်မှ လေပွေလှိုင်းများ တိုက်ခတ်ခြင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းများ ပိုမိုဖြစ်ပေါ်လာနိုင်ခြင်းနှင့် မိုးရွာသွန်းမှုပုံမှန်ထက်ပိုမိုခြင်း စသည့်ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိသည်။

လာနီညာဖြစ်ပေါ်မှုနှင့် ပတ်သက်သည့်အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည်ဖြစ်သည်။

မိုး/ဇလ

### နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစစ်ဆေးပေးပြီး ဆေးကုသမှုများ ဆောင်ရွက်


**သရက် ဇန်နဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး၊သရက်မြို့နယ်အတွင်းရှိ ခရိုင်ကုသရေးဦးစီးဌာနမှ ကြီးမှူး၍ မြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား သွေးတိုးရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ နှလုံးရောဂါများအား အခမဲ့စစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်းကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း အငြိမ်းစားဝန်ထမ်းများအား အခမဲ့စစ်ဆေးပေးလျက်ရှိပြီး ယမန်နေ့ နံနက် ၉ နာရီက ခရိုင်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျန်းမာရေးစစ်ဆေးရန် လာရောက်သည့် ဝန်ထမ်းအငြိမ်းစားများအား ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ကြီးကြပ်မှုဖြင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများက သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ ဆီးချိုသွေးချို၊ ရောဂါစစ်ဆေးပေးခြင်း၊ ECG စစ်ဆေးခြင်းများဆောင်ရွက်ပေးပြီးလိုအပ်သည့် ဆေးဝါးများကို အခမဲ့စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့/အနောက်)မြို့နယ်များအတွင်း နိုင်ငံသားစိစစ်ရေးကတ်အတု၊ အလုပ်သမားမှတ်ပုံတင်ကတ်အတုနှင့် ရပ်ကွက်/ရဲစခန်းထောက်ခံစာအတုများ ပြုလုပ်ရောင်းချသူ အမျိုးသားသုံးဦးနှင့် အမျိုးသမီးခြောက်ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ




နေပြည်တော် ဇန်နဝါရီ ၁၁

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်အတုနှင့် ထောက်ခံစာအတုများကို အခကြေးငွေယူ၍ ပြုလုပ်ရောင်းချလျက်ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးခဲ့ရာ နိုင်ငံသား စိစစ်ရေးကတ်အတုများ ရောင်းချသူ တောင်ကြီးမြို့နယ် အေးသာယာမြို့သစ် အမှတ်(၄) ရပ်ကွက်နေ မမေသူခိုင်(၃၄)နှစ် (ဘ)ဦးကျော်ညွန့်အား ဇန်နဝါရီ ၈ ရက် နံနက် ၁၁ နာရီတွင် အမှတ်(၄)ရပ်ကွက် ဗိုလ်တေဇလမ်းပေါ်၌ နိုင်ငံသားစိစစ်ရေးကတ် အတုသုံးခုနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် အေးသာယာနယ်မြေ ရဲစခန်း (ပ) ၅/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၄၂၀/၄၆၈ ဖြင့် အမှုရေးဖွင့်ပြီး ကွင်းဆက်တရားခံများ ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ တရားခံ မေသူခိုင်ထံသို့ နိုင်ငံသားစိစစ်ရေးကတ်အတုများအား ပို့ဆောင်ပေးသူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် အမှတ်(၁၉)ရပ်ကွက်နေ ဖြူသွယ်ထွေး(၂၂)နှစ်(ဘ)ဦးကျော်ညွန့်အား ဇန်နဝါရီ ၈ ရက် ညပိုင်းတွင် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် အမှတ်(၈)ရပ်ကွက် ရန်ကုန်-ညောင်တုန်းလမ်း၌ ထပ်မံဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ ထွက်ဆိုချက်အရ အဆိုပါနိုင်ငံသားစိစစ်ရေးကတ်အတုများအား ပွဲစားလုပ်ကိုင်သူ ဖမ်းဆီးရန်ကျန် တရားခံ တက်ပု (စိစစ်ဆဲ) ထံသို့ ဖုန်းဖြင့် ချိတ်ဆက်ကာ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ဆက်လက်စုံစမ်းဖမ်းဆီးခဲ့ရာ ဇန်နဝါရီ ၉ ရက် မွန်းလွဲပိုင်းတွင် ဖမ်းဆီးရန်ကျန် တရားခံ တက်ပု(စိစစ်ဆဲ) မှတစ်ဆင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအတုလာရောက်ပို့ဆောင်သူ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အမှတ်(၁၉)ရပ်ကွက်နေ ဆိုင်ကယ်ဘေးတွဲ မောင်းနှင်သူ ဟန်မြင့်ဇော်(ခ) ပြောင်လေး (၄၄)နှစ် (ဘ) ဦးအောင်ခင်အား လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ် (၁၅)ရပ်ကွက် ကျန်စစ်သားလမ်း၌ နိုင်ငံသားစိစစ်ရေးကတ်ပြားအတု တစ်ခုနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဟန်မြင့်ဇော်(ခ) ပြောင်လေးအား စစ်ဆေးရာ နိုင်ငံသားစိစစ်ရေးကတ်ပြားအတုများအား ပွဲစားဖြစ်သူ ဖမ်းဆီးရန်ကျန်တရားခံ တက်ပု(စိစစ်ဆဲ)၏ ချိတ်ဆက်ပေးမှုဖြင့် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အမှတ်(၁၆)ရပ်ကွက်နေ ဇင်လင်း(ခ)လင်းလင်း(၄၀)နှစ် (ဘ)ဦးဝင်းအေးက ပြုလုပ်ရောင်းချပေးခြင်းဖြစ်ကြောင်း သိရှိရသဖြင့် သွားရောက်ရှာဖွေခဲ့ရာ တရားခံ ဇင်လင်း(ခ) လင်းလင်းအား ယင်းနေ့ မွန်းလွဲပိုင်းတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား (အလွတ်) ၁၀၀၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအတု ပြုလုပ်ရာတွင် အသုံးပြုသည့် Deli တံဆိပ်ပါ Automatic Numbering Machine တစ်ခု၊ အမည်နှင့်ဓာတ်ပုံများပါ နိုင်ငံသားစိစစ်ရေးကတ်ပြားအတု ရှစ်ခု၊ အသားတံဆိပ်တုံး ရိုက်နှိပ်သည့် တံဆိပ်တုံးတစ်ခု၊ လေဆာတံဆိပ်တုံးမျိုးစုံ ၁၄ ခု၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြား (အလွတ်) အခု ၂၅၀၀၊ Horse တံဆိပ်ပါ မှင်ခံဘူးနှစ်ခုတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဇင်လင်း(ခ) လင်းလင်းအား စစ်ဆေးချက်အရ ဇန်နဝါရီ ၉ ရက် ညနေပိုင်းတွင် ၎င်းနှင့် ဆက်သွယ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားနှင့် ရပ်ကွက်/ရဲစခန်း ထောက်ခံစာ အတုများအား တစ်ဆင့် ရောင်းချပေးသူ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၈) ရပ်ကွက်နေ မြင့်မြတ်ကြည်(ခ)ဝတုတ်(၄၀)နှစ်(ဘ) ဦးကြီးမြင့်၊ တစ်ရပ်ကွက်တည်းနေ စန္ဒာဦး (၄၄)နှစ်(ဘ)ဦးတင်လှနှင့် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အမှတ်(၁၉)ရပ်ကွက်နေ စိုးမင်းဦး (ခ)ကတုံး(၃၂)နှစ်(ဘ) ဦးဝင်းကြည်တို့ သုံးဦးအား ၎င်းတို့၏ နေအိမ်အသီးသီး၌ လည်းကောင်း၊ ရပ်ကွက်/ရဲစခန်း ထောက်ခံစာပုံစံအတု(အလွတ်)များကို မိတ္တူကူးယူရောင်းချသူ စန်းမော်လွင် (၂၉)နှစ်(ဘ)ဦးဝင်းအောင်အား ရဲစခန်းထောက်ခံစာမျိုးစုံအတု(အလွတ်) အရွက် ၂၅၀၀၊ ရပ်ကွက်ထောက်ခံစာမျိုးစုံအတု(အလွတ်)အရွက် ၈၀၊ Acer အမျိုးအစား ကွန်ပျူတာတစ်စုံနှင့် ဆက်စပ်ပစ္စည်းများ၊ Printer နှစ်လုံး၊ Scanner တစ်လုံးတို့နှင့်အတူ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် အမှတ်(၉) ရပ်ကွက်ရှိ မိုးသောက်ပန်းမိတ္တူဆိုင်၌ လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

အမှုမှ ဖမ်းဆီးရမိတရားခံ စိုးမင်းဦး(ခ)ကတုံး၏ ထွက်ဆိုချက်အရ ယင်းနေ့ညပိုင်းတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားအတုများ တစ်ဆင့်ပြန်လည်ရောင်းချရန် စေခိုင်းသူ ဖမ်းဆီးရန်ကျန် တရားခံ ပြေသိန်းထိုက်(စိစစ်ဆဲ) နေထိုင်သည့် ထန်းတပင်မြို့နယ် ရိုးလေးကျေးရွာရှိ နေအိမ်အား ရှာဖွေစစ်ဆေးခဲ့ရာ ပြေသိန်းထိုက်အား တွေ့ရှိခြင်းမရှိဘဲ ၎င်း၏ အစ်မဖြစ်သူ မိုးမိုး(၄၈)နှစ်(ဘ) ဦးကျော်ရွှေအား နိုင်ငံသားစိစစ်ရေးကတ်ပြားအတု ပြုလုပ်ရာတွင် အသုံးပြုသည့် တံဆိပ်တုံးမျိုးစုံ အခု ၂၅၀၊ အသားတံဆိပ်ရိုက်နှိပ်သည့် တံဆိပ်တုံးတစ်ခုတို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဇင်လင်း(ခ) လင်းလင်းပါ တရားခံ ကိုးဦးတို့၏ ထွက်ဆိုချက်များအရ နိုင်ငံသားစိစစ်ရေးကတ်ပြားအတု၊ အလုပ်သမား မှတ်ပုံတင်ကတ်အတုနှင့် ရပ်ကွက်/ရဲစခန်း ထောက်ခံစာ အတုများအား ဇင်လင်း(ခ) လင်းလင်း၊ ထန်းတပင်မြို့နယ်နေ ဖမ်းဆီးရန်ကျန်တရားခံ ကုလားကြီး(ခ)ဂျင်မီသောင်း(စိစစ်ဆဲ)နှင့် ပြေသိန်းထိုက်(စိစစ်ဆဲ) တို့က ပြုလုပ်ပေးခဲ့ပြီး ပွဲစားဖြစ်သူ ဖမ်းဆီးရန်ကျန်တရားခံ တက်ပု (စိစစ်ဆဲ)နှင့်ချိတ်ဆက်၍ အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်အတုနှင့် အလုပ်သမားမှတ်ပုံတင် အတုများကို တစ်ကတ်လျှင် ငွေကျပ် ၃၀၀၀၀ ဖြင့် တစ်ဆင့်ရောင်းချပေးခဲ့ရာ ကျန်တရားခံများက ဝယ်ယူသူများသို့ ပို့ဆောင်ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားအတု၊ အလုပ်သမား မှတ်ပုံတင်ကတ်ပြား အတုနှင့် ရပ်ကွက်/ ရဲစခန်းထောက်ခံစာ အတုများ ပြုလုပ်ရောင်းချသူ ဖမ်းဆီးရမိတရားခံ ဇင်လင်း(ခ) လင်းလင်းပါ ကိုးဦးတို့အား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပြီး ဖမ်းဆီးရန်ကျန် တရားခံများအား ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



( ဝဲမှယာ တရားခံ မေသူခိုင်၊ စိုးမင်းဦး(ခ)ကတုံး၊ ဟန်မြင့်ဇော်(ခ)ပြောင်လေး၊ ဇင်လင်း(ခ)လင်းလင်း၊ မိုးမိုး၊ စန်းမော်လွင်၊ စန္ဒာဦး၊ မြင့်မြတ်ကြည်(ခ)ဝတုတ်၊ ဖြူသွယ်ထွေး )

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# ပြည်တွင်းပြောင်းစျေးကွက် လက်ရှိပေါက်စျေးများအတိုင်း ဆက်လက်တည်ငြိမ်နေမည်

**မန္တလေး ဇန်နဝါရီ ၁၁**

ပြည်တွင်းပြောင်းစျေးကွက်မှာ လက်ရှိပြောင်းစျေးနှုန်းများအတိုင်းဆက်လက်တည်ငြိမ်နေမည်ဖြစ်ကြောင်း ပြောင်းကုန်သည် များထံက သိရသည်။

ပြည်တွင်းပြောင်းစျေးကွက်မှာ ရန်ကုန်အရောက် စျေး တစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀၊ မန္တလေးစျေး တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၊ တောင်ကြီး စျေး တစ်ပိဿာလျှင် ငွေကျပ် ၁၄၅၀ အသီးသီးပေါက်စျေးရှိနေပြီး လက်ရှိစျေးနှုန်းအတိုင်းဆက်လက်တည်ငြိမ်နေနိုင်ကြောင်း ပြောင်းပို့ကုန် လုပ်ငန်းရှင်များက သုံးသပ်ထားသည်။



လက်ရှိပြောင်းတင်ပို့မှုများကို ပြည်ပနိုင်ငံများသို့တင်ပို့နေပြီးထိုင်းနိုင်ငံသို့ ဖေဖော်ဝါရီ ၁ ရက်နေ့မှ စတင်ကာ အခွန်ကင်းလွတ်ခွင့်ဖြင့် ပြန်လည်တင်ပို့သွားတော့မည်ဖြစ်သည်။

ယခင်နှစ်များက ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့ချိန်တွင် ပြည်တွင်းပြောင်းစျေးကွက် စျေးကွက်စျေးကောင်းရရှိလေ့ ရှိသော်လည်း ယခုနှစ်ထိုင်းနိုင်ငံ၏ ပြောင်းစျေးကွက်မှာ တစ်ကီလိုဂရမ်လျှင် ထိုင်းနိုင်ငံအရောက် ပြောင်း တစ်ပိဿာလျှင်ငွေကျပ် ၁၇၀၀ ကျော်သာပေါက်စျေးရှိနေသည်။

မြန်မာနိုင်ငံမှ ပြောင်းများကို ဖေဖော်ဝါရီ ၁ ရက်မှ စတင်ကာ ပြန်လည်တင်ပို့တော့မည်ဖြစ်သော်လည်း လက်ရှိပြည်တွင်းဒေါလာစျေးတည်ငြိမ်နေခြင်းကလည်း ပို့ကုန်ပြောင်းစျေးကို တည်ငြိမ်စေနေခြင်းဖြစ်သလို ပြောင်းဝယ်လိုအားများသည့် တရုတ်ကုန်သည်များမှာလည်း တရုတ်နှစ်သစ်ကူးမတိုင်မီ ၁၅ ရက်၊ နှစ်သစ်ကူးနောက်ပိုင်း ၁၅ ရက်ခန့် အရောင်းအဝယ် ရပ်နားလေ့ရှိသောကြောင့် ပြည်တွင်းပြောင်းစျေးကွက်မှာ လက်ရှိနှုန်းများအတိုင်း ဖေဖော်ဝါရီ ၁၅ ရက်လောက်ထိ စျေးတည်ငြိမ်နေနိုင်ကြောင်း ပို့ကုန်ပြောင်းလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"ပြည်တွင်းပြောင်းစျေးကွက်ကလက်ရှိစျေးနှုန်းအတိုင်း တည်ငြိမ်နေမှာပါ။ မကြာမီ ထိုင်းနိုင်ငံကို တင်ပို့နိုင်တော့မယ်ဆိုပေမယ့် ပြောင်းအဝယ်များတဲ့ တရုတ်စျေးကွက်က တရုတ်နှစ်သစ်ကူးပွဲတော်များ နောက်ပိုင်းမှာသာ အရောင်းအဝယ် ကောင်းလာနိုင်မှာပါ" ဟု ၎င်းက ပြောသည်။

ထိုင်းနိုင်ငံသို့ အခွန်ကင်းလွတ်ခွင့်ဖြင့် ပြောင်းတင်ပို့မှုကို ဖေဖော်ဝါရီ ၁ ရက်က စတင်ကာ ရန်ကုန်သီလဝါဆိပ်ကမ်းမှ ထိုင်းနိုင်ငံ၊ ရနောင်းဆိပ်ကမ်းသို့ ပင်လယ်ရေကြောင်းမှ ပြန်လည်တင်ပို့သွားမည်ဖြစ်သည်။

မြန်မာတစ်နိုင်ငံလုံး ပြောင်းစိုက်ဧက ၂ သန်းကျော်ရှိပြီး ပြောင်းထုတ်လုပ်မှုအနေဖြင့် တန်ချိန် ၃ ဒသမ၂ သန်းကျော်ထွက်ရှိကာ ပြည်ပသို့တန်ချိန် ၂ သန်းကျော် တင်ပို့လေ့ရှိပြီး ပြည်တွင်းမှာ တန်ချိန် ၁သန်းခန့်သုံးစွဲကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ရွှေမန်း

*-*-*-*-*

*-*-*-*-*-*-*



# ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**မြစ်သား ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့တို့ ပူးပေါင်း၍ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အဆိုပါခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အသိပညာပေး ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က မြို့မအနောက်(အ·မ·က)ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများကို ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားပြီး မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့မှ အဖွဲ့ဝင် ဒေါ်ထွန်းထွန်းမော်က ကလေးအလုပ်သမားနှင့်ပတ်သက်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ကလေးအလုပ်သမားပပျောက်ရေးအတွက် အရေးကြီးပုံအကြောင်း၊ ကလေးအလုပ်သမားတွေ လျော့နည်းပပျောက်အောင် ကလေးများကို အကာအကွယ်ပေးရမည့် အကြောင်းအရာများကို ဟောပြောခဲ့သည်။ ဆက်လက်၍ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့မှ အဖွဲ့ဝင်အထက်တန်းရှေ့နေ ဒေါ်ယဉ်ယဉ်ထွန်းက ကလေးများကို ကြမ်းတမ်းသောအလုပ်၊ အန္တရာယ်ရှိသောအလုပ်နှင့် ခေါင်းပုံဖြတ်ခံရသည့်လုပ်ငန်းမျိုးမှ အကာအကွယ်ပေးရန်နှင့် ကလေးများ၏ကျန်းမာရေးနှင့် ပညာရေးတို့ကို ထိခိုက်စေမည့်အလုပ်မျိုး မလုပ်ရစေရန် တားဆီးကာကွယ်ပေးရမည်ဖြစ်ကြောင်း စသည့်အကြောင်းအရာများကို အကျယ်တဝင့် ဟောပြောခဲ့သည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုနေ့အထိမ်းအမှတ်နံရံကပ်စာစောင်၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြပွဲများ ပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စား ကြည့်ရှုလေ့လာမှတ်သားခဲ့ကြောင်း သိရသည်။

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

# အခြေခံစားသောက်ကုန်များကို သက်သာသောစျေးနှုန်းဖြင့် ရောင်းချပေးသွားမည်

**မန္တလေး ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောစျေးနှုန်းဖြင့် ရောင်းချပေးသွားမည် ဖြစ်သည်။

ထိုသို့ရောင်းချပေးမည့် အစီအစဉ်များမှာ ဇန်နဝါရီ ၁၃ရက်တွင် အမရပူရမြို့နယ်၊ စစ်ကိုင်းလမ်း၊ ရွာသာရပ်၊ မှန်တန်းမိုးကောင်း ဓမ္မာရုံအနီး တွင်လည်းကောင်း၊ ဇန်နဝါရီ ၁၄ရက်တွင် အောင်မြေသာစံမြို့နယ်၊ အကွက်အမှတ်(၈)၊ ၈၉လမ်း၊ ၁၀လမ်းနှင့် ၁၁လမ်းကြား၊ညောင်ကွဲရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအနီးတွင်လည်းကောင်း၊ဇန်နဝါရီ ၁၅ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ အကွက်အမှတ်(၅၄၉)၊ ၃၄လမ်း၊ ၈၅လမ်းနှင့် ၈၆လမ်းကြား၊ အောင်နန်းရိပ်သာအနောက်၊ မလွန်ရေတွန်းစက်ရုံအရှေ့တွင်လည်းကောင်း၊ ဇန်နဝါရီ၁၇ရက်တွင် ချမ်းအေးသာစံ မြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်း ကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးသွားမည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စျေးနှင့်သားသတ်ဌာနမှ ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်စျေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**




# စာသင်ကျောင်းများသို့ အသိပညာပေး နယ်လှည့်ကွင်းဆင်း ဆောင်ရွက်

**မိုင်းတုံ ဒီဇင်ဘာ ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံခရိုင်၊ မိုင်းတုံမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက စာသင်ကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေး နယ်လှည့်ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မိုင်းတုံမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းခိုင်က ကျောင်းသား၊ ကျောင်းသူများကို နယ်လှည့်ကွင်းဆင်း ဆောင်ရွက်ပေးခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြီးနောက် "ကလေးတို့၏အနာဂတ်" နှင့် "ကလေးအလုပ်သမားပပျောက်ရေး" ခေါင်းစဉ်တို့ဖြင့် ဟောပြောခဲ့သည်။ ဆက်လက်၍ လူကုန်ကူးမှုကာကွယ်တားဆီးရေးနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များ၊ မှတ်တမ်းဓာတ်ပုံများအား ကျောင်းသား၊ ကျောင်းသူများကို အသိပညာဗဟုသုတရရှိစေပြီး မှတ်သားထားတတ်သည့် အလေ့အထရရှိစေရန်နှင့် လိုအပ်သည့်အခါ မိမိတို့ မှတ်သားထားသည်များကို ပြန်လည်အသုံးချတတ်စေရန် ရည်ရွယ်ပြီး ပြသပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*



## စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်ဟောပြော



**ပင်လုံ ဇန်နဝါရီ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ ပင်လုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်တိုင်းရင်းဆေးဦးစီးဌာနတို့ ပူးပေါင်း၍ ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက အ.မ.က(၄)ကျောင်းသို့ သွားရောက်ပြီး အသိပညာပေးလုပ်ငန်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်ဟောပြောခြင်း ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိမြတ်နိုးသူက ကျောင်းသား၊ ကျောင်းသူလေးများအား ကျောင်းစာများအပြင် ပြင်ပဗဟုသုတများ ရရှိစေရန်၊ စာအုပ်စာပေများ လေ့လာဖတ်ရှုခြင်းကြောင့် အသိပညာဗဟုသုတများ ရရှိစေရန်နှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးကို ဟောပြော၍ ပုံပြင်ပြောခြင်း၊ ကျောင်းသား၊ ကျောင်းသူလူငယ်များအား စိတ်ကူးစိတ်သန်းကောင်းများနှင့် ကာယ၊ ဉာဏများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ အပြန်အလှန်မေးခွန်းများ မေးမြန်းခြင်းများ ဆောင်ရွက်ခဲ့သည်။ ထို့နောက် မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်စကားဝါက တစ်ကိုယ်ရေသန့်ရှင်းရေးအကြောင်းနှင့် ရာသီအလိုက်ဖြစ်ပေါ်တတ်သောရောဂါများအကြောင်း ရှင်းလင်းပြောကြား၍ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား အခမဲ့ ကွင်းဆင်းကုသပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

ဆက်လက်၍ အဆိုပါကျောင်းရှိ ကျောင်းသား၊ကျောင်းသူများအား လူကုန်ကူးမှုအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များကို ပြသဆောင်ရွက်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူလေးများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## ပုသိမ်ကြီးမြို့နယ်တွင် မြို့နယ်ပညာရေးစုံညီပွဲတော် ကျင်းပ

**ပုသိမ်ကြီး ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် မြို့နယ်ပညာရေးစုံညီပွဲတော်အခမ်းအနား ကျင်းပခြင်းကို ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီက အ.ထ.က ပုသိမ်ကြီးရှိ အောင်ဇေယျခန်းမဆောင်၌ ကျင်းပသည်။



ရှေးဦးစွာ အ.ထ.က ပုသိမ်ကြီး ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုပါသည်စုံညီပွဲတော် တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ကာ၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး၊ မြို့နယ်ပညာရေးမှူး ဒေါ်ချောစုခိုင်က ပညာရေးစုံညီပွဲတော် ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားခဲ့သည်။**(အပေါ်ပုံ)**

ထို့နောက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ထူးချွန်ကျောင်းများနှင့် ထူးချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဦး၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးဝေယံမင်း၊ အဖွဲ့ဝင်(၂) ဦးညွန့်ဆန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်ခိုင်ကျော်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက ဖျော်ဖြေရေး အစီအစဉ်များဖြင့် ကပြဖျော်ဖြေခဲ့ပြီး အခမ်းအနားအား ပြည်မြန်မာ သီချင်းဖြင့် သီဆိုပိတ်သိမ်းခဲ့ပြီး မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ကိုယ်ပိုင်ကျောင်းများမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(၀၉၅)**

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး Talk Show ဆောင်ရွက်

**သရက် ဇန်နဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး Talk Show ဆောင်ရွက်ခြင်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ခရိုင်စာကြည့်တိုက် Community Centre ခန်းမ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ Talk Show တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နေမျိုးပိုင်နှင့် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်စိမ်းလဲ့ရည်တို့က ကလေးဆိုတာ ဘယ်အသက်ရွယ်တွေကို ခေါ်ပါသလဲ။ ကလေးအလုပ်သမားရဲ့အဓိပ္ပာယ်၊ အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်းဟူသော အဓိပ္ပာယ်၊ ကလေးတစ်ယောက် အလုပ်လုပ်ကိုင်နိုင်တဲ့ အသက်အရွယ်နှင့် ကလေးအလုပ်သမားပပျောက်ရေး၏ ရည်ရွယ်ချက်တို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**ဇော်ဝမ်းထွန်း(အောင်လံ)**

*-*-*-*-*




## မြို့သန့်ရှင်းသာယာလှပရေး ကျောက်ဆည်မြို့၏ မြို့ဝင်၊ မြို့ထွက်နေရာများနှင့် မြို့တွင်းလမ်းမကြီးအား သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ကျောက်ဆည် ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးဆောင်မှုဖြင့် ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက မြို့သန့်ရှင်းသာယာလှပစေရေး ကျောက်ဆည်မြို့၏ ရန်ကုန်-မန္တလေးလမ်း မြို့ဝင်၊ မြို့ထွက်နေရာများနှင့် မြို့လယ်လမ်းမကြီးနေရာများရှိ ရွှေစေတီဘိုးဘွားရိပ်သာ၊ ကြက်မင်းတွန်မီးပွိုင့်၊ မြဝတီဘဏ်ရှေ့၊ ကမ္ဘောဇဘဏ်ရှေ့၊ ရွှေရတီမီးပွိုင့်နေရာများတွင် ပြုလုပ်ခဲ့သည်။

သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျောက်ဆည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင် ဦးဆောင်၍ ကျောက်ဆည်မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထွန်း၊ အဖွဲ့ဝင်(၁)ဗိုလ်မှူးဇေယျာလှိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာနတို့မှ ဝန်ထမ်းများပူးပေါင်း၍ မြို့ဝင်၊ မြို့ထွက်နေရာမှ စတင်ကာ ရန်ကုန်-မန္တလေး ကားလမ်းမကြီးတစ်လျှောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ရေယာဉ်နှစ်စီးဖြင့် လမ်းမကြီးတစ်လျှောက် ရေပက်ဖျန်းခြင်းများ၊ တံမြက်စည်းလှဲခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (၄၈၅)**





## ကန်စွန်းဥများဈေးကောင်းရသောကြောင့် တစ်ဧက ငွေကျပ် သိန်း ၄၀ ခန့် အကျိုးအမြတ်ရနေ

**မန္တလေး ဇန်နဝါရီ ၁၁**

ဧရာဝတီမြစ်အတွင်းရှိ ကျွန်းစိုက်ခင်းများတွင် စိုက်ပျိုးသည့် ကန်စွန်းဥများ ဈေးကောင်းရရှိလာရာ တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ ထိ ပေါက်ဈေးရှိနေကြောင်း ကန်စွန်းစိုက်တောင်သူများထံက သိရသည်။

အဆိုပါကျွန်းစိုက်ခင်းများတွင် မြေပဲကို အများဆုံးစိုက်ပျိုးကြကာ ပဲထောပတ်၊ ချဉ်ပေါင်တို့ကို အဓိကထား စိုက်ပျိုးကြခြင်းဖြစ်ပြီး ကန်စွန်းဥကို အပိုဝင်ငွေရရှိအောင် ကျွန်းစိုက်ခင်းများတွင် စိုက်ပျိုးကြခြင်းဖြစ်သည်။

ယခုနှစ်ကန်စွန်းဥ ပေါ်ကာစရာသီတွင် တစ်ပိဿာလျှင် ငွေကျပ် ၁၉၀၀ ခန့်သာ ပေါက်ဈေးရှိခဲ့သော်လည်း နယ်စုံမှ ကန်စွန်းဥ အဝင်နည်းခြင်း ကန်စွန်းဥအထွက်နှုန်းကျဆင်းခြင်းကြောင့် ဇန်နဝါရီလဆန်းပိုင်းတွင် တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ ဧရာဝတီမြစ်အတွင်းရှိ ကျွန်းစိုက်ခင်းများတွင် စိုက်ပျိုးသည့် မြေပဲ၊ ချဉ်ပေါင်၊ ပဲထောပတ် စသည့် စားဖိုဆောင်သီးနှံများကို စိုက်ပျိုးကြရာ ယခုနှစ် ကန်စွန်းဥက ဈေးအကောင်းဆုံးရရှိသည့် သီးနှံဖြစ်လာကြောင်း ပုသိမ်ကြီးမြို့နယ်၊ သံဘိုကျွန်းကျေးရွာမှ တောင်သူ ဦးခင်မောင်ရင်က မန္တလေးနေ့စဉ်ကို ပြောသည်။

"ဒီနှစ်က ကန်စွန်းဥ တစ်ပိဿာ ၂၅၀၀ ထိ ဈေးကောင်းရနေပါတယ်။ မနှစ်က ကန်စွန်းဥ တစ်ပိဿာ ၅၀၀ သာ ပေါက်ဈေးရှိခဲ့တာပါ။ နယ်စုံက ကန်စွန်းဥ စိုက်ပျိုးတာနည်းတာရယ် အထွက်နှုန်း နည်းတာနဲ့ဆိုတော့ ဒီနှစ်ဈေးကွက် ဈေးကောင်းရလာတာပါ။ ကန်စွန်းဥပေါ်ကာစ တစ်ပိဿာ ငွေကျပ် ၁၉၀၀ ကနေ အခုရက်ပိုင်း ဈေးမြင့်တက်လာပါတယ်။ လက်ရှိ ကန်စွန်းဥဈေးကောင်းတာကတော့ ကျွန်းပေါ်စိုက်တဲ့ အခြားသီးနှံတွေ လိုက်မမီတော့အောင် ဈေးကောင်းရပါတယ်။ ကန်စွန်းတစ်ဧကကို ငွေကျပ် သိန်း ၅၀ ခန့် အကျိုးအမြတ်ရပါတယ်"ဟု ၎င်းကပြောသည်။

ကန်စွန်းဥစိုက်ပျိုးခြင်းကို စက်တင်ဘာ လလယ်ခန့်က ဧရာဝတီမြစ်ရေကျဆင်းပြီးနောက် မြေပြုပြင်၍ စိုက်ပျိုးခြင်းဖြစ်ကာ သုံးလခန့်အကြာတွင် ကန်စွန်းဥကို တူးဖော်ပြီး မန္တလေး ဈေးကွက်သို့ တင်ပို့ရောင်းချခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

ကန်စွန်းဥကို တစ်ဧကမြေနေရာတွင် အကန့်လေးကန့်ခွဲကာ စိုက်ပျိုးခြင်းဖြစ်ပြီး တစ်ဧကစိုက်ပျိုးစရိတ် ငွေကျပ် ၁၆သိန်းခန့်ကုန်ကျပြီး တစ်ဧကလျှင် ကန်စွန်းဥကုန်ချိန် ၂၈၀၀ခန့် ထွက်ရှိသောကြောင့် တစ်ဧကဝင်ငွေ ၅၆သိန်းခန့်ရရှိကာ အကျိုးအမြတ်အနေဖြင့် သုံးလခန့်အတွင်း ငွေကျပ် သိန်း ၄၀ ခန့် တောင်သူအတွက် အကျိုးအမြတ်ရ အဆင်ပြေကြောင်း သိရသည်။ **ရွှေမန်း**

# ပြန် လှည့် ကြည့် ဖြစ် တဲ့ သ က္က ရာဇ် များ (၁၀၄)

**သွယ်အောင်**

၁၉၈၇ တက္ကသိုလ်မှ ကျောင်းအပြီး ရူပဗေဒ ဘွဲ့ကလေးတစ်ခု ရယူခဲ့ကာ အလုပ်မလုပ်ဘဲ ကဗျာရေး၊ စာရေး၊ ပန်းချီဆွဲဖြင့် အချိန်ကုန်နေခဲ့သော ကျွန်တော်ဘဝကို ကျွန်တော် ပြန်လည်သုံးသပ်ကြည့်ရင်း "ငါအိမ်ထောင်မပြုဘဲ ဒီအတိုင်းဘဝကို အရိုးထုတ်သွားတော့မှာလား"ဟု တွေးကြည့်နေမိသည်။

အလုပ်အကိုင်နှင့် ဝင်ငွေမရှိသော ယောကျ်ားတစ်ယောက်ကို ဘယ်အမျိုးသမီးကမှ မိမိ၏ အိမ်ထောင်ဖက်အဖြစ် မရွေးချယ်ကြသည်မှာလည်း ရှေးကတည်းကရှိပြီးသား သီအိုရီတစ်ခုပင် ဖြစ်နေသည်။ သို့သော် ဖူးစာစုံဖက်၍ အလုပ်မရှိသော်လည်း အိမ်ထောင်ကျသွားကြသူများ တစ်ပုံတစ်ပင် ရှိနေသည်။

အိမ်ထောင်ပြုခြင်း၊ မပြုခြင်းသည် တစ်ဦးနှင့် တစ်ဦး မတူကွဲပြားရှိနေသည်။ ကျွန်တော်လည်း အသိုက်အမြုံတစ်ခု၊ အိုးအိမ်တစ်ခု တည်ဆောက်ဖို့ စိတ်ကူးယဉ်ကြည့်ခဲ့ဖူးပါသည်။ စိတ်ကူးယဉ်ခဲ့ဖူးသည်မှာ ဘွဲ့မရခင် တက္ကသိုလ်ကျောင်းသားဘဝကတည်းကဟု ပြောရလျှင် ရယ်စရာကောင်းနေပါဦးမည်။

ထိုစဉ်က ကျွန်တော်ရေးဖွဲ့ခဲ့သော ကဗျာများမှာ အချစ်ကဗျာများသာ ဖြစ်သည်။ အချစ်ကဗျာများဆိုသည်ထက် အသည်းကွဲကဗျာများ၊ လမ်းခွဲကဗျာများဟုဆိုရလျှင် မှန်ပါမည်။ လူငယ်တို့ သဘာဝချစ်သူရည်းစားများ ရရှိခဲ့ကြသော်လည်း ကံကြမ္မာစေခိုင်းချက်အရ ချစ်ရသူနှင့် မပေါင်းဖက်ရဘဲ ကွဲကွာကြသည်မှာလည်း ဖြစ်ရိုးဖြစ်စဉ်တစ်ခုပင်ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်ဝါသနာပါသော ကဗျာရေးဖွဲ့ခြင်းကို အချစ်ကဗျာများဖြင့် မဂ္ဂဇင်းစာမျက်နှာပေါ်တွင် ရင်ဖွင့်ရေးခဲ့မိခြင်းဖြစ်ပါသည်။ ပထမဦးဆုံး ပုံနှိပ်ကဗျာအဖြစ် ၁၉၈၄ ဩဂုတ်လထုတ် ပေဖူးလွှာမဂ္ဂဇင်းတွင် "နောက်တော့ကွဲကြလေသတည်း"ကဗျာကို ရေးဖွဲ့ခဲ့သည်။

ထိုစဉ်က နောက်ထပ်ရေးဖွဲ့ခဲ့သော နှလုံးသားခံစားမှုကဗျာတစ်ပုဒ်မှာ ပေဖူးလွှာမဂ္ဂဇင်းမှာပင်ဖြစ်သည်။ ယင်းကဗျာမှာ "မာယာဖြင့် ဖုံးလွှမ်းခံရသည့် အညာမိနှလုံးသားမှတ်တမ်းလွှာ"ကဗျာဖြစ်သည်။

**မာယာဖြင့် ဖုံးလွှမ်းခံရသည့် အညာမိ**
**နှလုံးသားမှတ်တမ်းလွှာ**

* အချစ်ဆိုသည်မှာ
မာယာများစွာရဲ့
သောကများလွှမ်းတဲ့
အနူးညံ့ဆုံးသော သချိုင်း
(ဘိုင်ရွန်)

* ပျော်ရွှင်လိုက်တာနော် ----
လှိုက်လှိုက်လှဲလှဲ၊ ရင်ထဲမြူးမြူး
ချစ်ဦးသူနှင့်၊ ကြည်ဖြူသည့်ချိန်
ချိုမြိန်စက္ကန့်၊ ရပ်တန့်ထားချင်
အကြင်နာတွေ၊ ခွဲဝေယုယ
ကျီစယ်ကြနော်၊ တေးဆိုအော်ဟစ်
'ဘာပဲဖြစ်ဖြစ် ဘာဖြစ်ဖြစ်
တကယ်ချစ်မှာပါ ကိုကိုရာ ---'တဲ့
ချိုလွင်စကား၊ နားဝတိုးဝင်
ပျော်ရွှင်လိုက်တာနော် ----။

* ချမ်းမြေ့လိုက်တာနော် ---
ကမ္ဘာပေါ်မှာ၊ သူနဲ့သာပဲ
နှစ်ယောက်တည်းပင်၊ ရှိတယ်ထင်မိ
ဘယ်ကိုကြည့်ကြည့်၊ ကြည့်သည့်နေရာ
သူ့ရုပ်ပုံလွှာတွေ၊ ရေတွက်မရ
လှပအိပ်မက်၊ ညညမက်တယ်
မေးစက်ရင်ခွင်၊ ဝေလွင်တဲ့စကားလုံး
'တစ်သက်မမုန်းပါဘူး
အချစ်ဆုံးဆိုတာ
ယုံပါကိုကိုရာ'တဲ့
အပြောချိုချို၊ ပိုတာမဟုတ်
အတည်ရုပ်နှင့်၊ နှုတ်ခမ်းတုန်ယင်
ဆိုခဲ့စဉ်က၊ ရင်ဖိုလှိုက်လှိုက်
ချမ်းမြေ့လိုက်တာနော် ---။

* ကြည်နူးလိုက်တာနော် ---
အပျော်ရက်တွေ၊ အသဒ္ဒေါအနန္တ
လှပဝေစီ၊ ရာသီရထား
လွင့်ပါးရွေ့ပြောင်း၊ နွေမိုးဆောင်းကုန်
ရင်ခုန်ကာလ၊ ချိုမြနေဆဲ
သူနဲ့တွဲပျော်၊ ခေါင်းမော်ဝင့်မြူး
လူးလူးလိုမ့်လိုမ့်၊ သိမ့်သိမ့်ခံစား
သွားလာနေကြ၊ ချစ်ဒေသတွေ
နေရာအနှံ့၊ ခြေဖြန့်လမ်းလျှောက်
ပန်းကောက်ခဲ့စဉ်၊ ရယ်သံလွင်လွင်
တုန်ယင်စွာနှင့်
'အတူနေချင်ပြီကိုကိုရာ'တဲ့
ချိုမြိန်စကား၊ ကြားလိုက်ရစဉ်
ရင်ထဲပျော်မြူး၊ အချစ်ဦးရယ်
ကြည်နူးလိုက်တာနော် ---။

* ရက်စက်လိုက်တာနော် ---
အပျော်ရက်တွေ၊ မှုန်ဝေပျက်သုဉ်း
နောက်ဆုံးကွေကွင်း၊ ချစ်ခြင်းဆိုတာ
လျှာအရိုးမဲ့၊ တစ်မျိုးလှည့်ညာ
မာယာပွေလီ၊ ဆိုတတ်သည်နော်
ဩော် ---သူ့ရဲ့သံစဉ်
နားတွင်တစ်ဆို့
'မချစ်လို့မဟုတ်ပါ
မေ့မေ့ရောဂါသက်သာစေဖို့
သူတို့ကြည်ဖြူတဲ့လူ
လက်ထပ်ယူလိုက်တယ်
ကိုကိုရယ် မေ့လိုက်ပါတော့'တဲ့
သူ့ရဲ့စကား၊ တမာခါးသက်
မကြားရက်စရာ
သက်သက်လိမ်ညာ
ရက်စက်လိုက်တာနော် ---။ ။

သွယ်အောင်(ပေဖူးလွှာမဂ္ဂဇင်း)
၁၉၈၆၊ မေလ

တက္ကသိုလ်ကျောင်းသားဘဝက ခံစားရေးဖွဲ့ခဲ့သည့် နောက်ထပ်အချစ်ကဗျာတစ်ပုဒ်မှာ "ပျော်ရွှင်ချမ်းမြေ့မှုနောက်ကွယ်မှ ဝမ်းနည်းကြေကွဲမှုများ"ကဗျာဖြစ်သည်။

**ပျော်ရွှင်ချမ်းမြေ့မှုနောက်ကွယ်မှ**
**ဝမ်းနည်းကြေကွဲမှုများ**

(ဇာတ်လမ်းအစ)

* တမ်းတကြည်နူး၊ အချစ်ဦးနှင့်
မူးမူးမေ့မေ့၊ ချမ်းမြေ့ရွှင်မြူး
ပျားရည်လူးဆမ်း၊ အနမ်းပန်းပွင့်
ချွေလွင့်မွှေးကြူ၊ ကလူကျီစယ်
ရင်ဝယ်ခံစား၊ စကားပွင့်တွေ
ဝေဝေရွှန်းရွှန်း၊ သူစွန်းဖွဲ့ဆို
သံသာချိုမြ၊ ကြားလိုက်ရစဉ် ---
'ရုပ်ရှင်ကားသစ်
ချစ်ကြည့်ချင်တယ်
ချိုချဉ်သကြားလုံး
ဝယ်ကျွေးဦးနော်
ဩော် ---နှင်းဆီ၊ စံပယ်
ဈေးမှာဝယ်ခဲ့' စတဲ့ စတဲ့
သူ့ရဲ့စကား၊ နာခံကြားရင်း
'ဟုတ်ကဲ့ –ဟင့်အင်း'
မငြင်းရက်ဘူး၊ သူကြည်နူးရင်
ရင်မှာ ပျော်ရွှင်ချမ်းမြေ့ရပါသည်။
(ဇာတ်လမ်းအလယ်)

* ရင်ဝယ်ကြည်နူး၊ အချစ်ဦးနှင့်
ပန်းရူးပန်းကောက်၊ လမ်းလျှောက်တေးဆို
ဈေးဝယ်ဈေးသွား၊ ကျောင်းသွားကျောင်းပြန်
သူ့ထံပါးမှာ၊ တဖဝါးမခွာ
နှစ်လွှာတစ်ရွက်၊ စွယ်တော်ရွက်နှယ်
နွယ်လိုရစ်ပတ်၊ ချစ်တတ်ကျွန်တော်
ကမ္ဘာပေါ်မှာ၊ အပျော်ဆုံးလူ
တွေးယူနေတုန်း၊ ဖြုန်းဆိုသူ့စကား
ကြားလိုက်ရစဉ် ---
'အသစ်မြင်လို့
မေ့ရင်အသိပဲ
မုန်းရဲမုန်းစမ်း
မျက်ရည်ခန်းအောင်
ငိုလိုက်မှာမောင်'တဲ့
အငိုယောင်နှော၊ ပြောတဲ့စကား
ဖယ်ရှားချေဖျက်
'ကမ္ဘာသက်ဆုံး
မမုန်းချစ်တယ်၊ ပစ်ခွာမပြေးဘူး
အချစ်ဦးမေရယ် ---
ယုံစမ်းကွယ်'လို့
ကတိတွေပေး၊ သူနဲ့ဝေးကွာ
နေရမှာကို၊ စိုးရိမ်ပိုမိ
အရိပ်ကြည့်ကြည့်၊ သူရှိနေရင်
ရင်မှာရွှင်လန်းအေးမြရပါသည်။
(ဇာတ်လမ်းအဆုံး)

* ပြုံးပျော်ကြည်နူး၊ ချစ်ရူးနေစဉ်
မထင်မှတ်ပဲ၊ တမင်ဖြတ်စာ
ဖိတ်ကြားလွှာနှင့်၊ ရင့်သီးစေပါး
သူ့စာသားတွေ၊ နွေတစ်နွေဖြစ်
'ချစ်တော့ချစ်တယ်မောင်
ဟန်ဆောင်နိုင်ဘူး
တို့ရည်စူးသူဟာ
အသပြာဂုဏ်ဒြပ်
ပြည့်စုံအပ်မှ
လက်ထပ်ယူမယ်လေ
အသေအချောသက်သေ
ဖိတ်စာဝေလိုက်တယ်
ညနေဆည်းဆာ
မင်္ဂလာအခမ်းအနား
ကြွမြန်းလှည့်ပါနော် ---'တဲ့
ဩော် ---မယုံချင်စရာ
ပုံပြင်ပမာ၊ သူကြင်စွာတော့
ရင်မှာ ဝမ်းနည်းကြေကွဲရပါသည်။ ။

သွယ်အောင်
(ရုပ်ရှင်အောင်လံမဂ္ဂဇင်း)
၁၉၈၇၊ ဇန်နဝါရီလ





## လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲပြုလုပ်

**ကသာ ဇန်နဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၉နာရီခွဲက အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စောကလျာက လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ကသာမြို့မ စခန်းမှူး ဒုတိယရဲမှူးတင့်နိုင်ထူးက ဥပဒေဆိုင်ရာပြစ်မှု၊ ပြစ်ဒဏ်များနှင့်ပတ်သက်သည့် အကြောင်းအရာများကိုလည်းကောင်း၊ ကသာဒုခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းလွင်က အတွေး၊ အမြင် တွေးခေါ်တတ်ပါစေ ခေါင်းစဉ်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်အေးမော်က ကလေးသူငယ်ဥပဒေနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အကြောင်းအရာများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်မိုးမိုးငြိမ်းက ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောခဲ့ကြပြီး အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်ကြီးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ကသာခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် လူငယ်လူရွယ်များအား အသိပညာပေး ဟောပြောပွဲများမှ ရရှိသည့် အသိပညာဗဟုသုတများကို မိမိပတ်ဝန်းကျင်အတွက် ကောင်းကျိုးရှိစွာ ကြံဆအသုံးပြုတတ်စေရန်လိုအပ်ပါကြောင်း၊ ယခုလိုအသိပညာပေးဟောပြောပွဲများကိုလည်း ဌာနဆိုင်ရာများနှင့် ပူးပေါင်းကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) မြို့နယ်(ပြန်/ဆက်)**

## အခြေခံပညာမူလတန်းအဆင့် Grade – 5 ပြီးမြောက်ခြင်းစာမေးပွဲဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**တံတားဦး ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အခြေခံပညာမူလတန်းအဆင့် Grade-5 ပြီးမြောက်ခြင်းစာမေးပွဲဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉နာရီက တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်း ရတနာထွန်းခန်းမတွင် ကျင်းပသည်။



အခမ်းအနားတွင် တံတားဦးခရိုင်ပညာရေးမှူးဒေါ်သန်းသန်းဦးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန၏ စာမေးပွဲဆိုင်ရာလုပ်ငန်းလက်စွဲ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ဆောင်ပေးစေလိုကြောင်း၊ Grade-5 ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သတ်မှတ်ထားသော အခြေခံပညာကျောင်းများတွင် ဖြေဆိုကြရေး၊ ဗဟိုအဆင့်တွင် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သော ဆရာကြီး၊ ဆရာမကြီးများ၏ ထပ်ဆင့်ဆွေးနွေးမှုကို သင်တန်းသားဆရာ၊ ဆရာမများမှ လေ့လာမှတ်သားပေးစေလိုကြောင်း၊ ဒါ့အပြင် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၏ စာမေးပွဲလမ်းညွှန်မှုများကို စနစ်တကျ လိုက်နာပေးစေလိုကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး တံတားဦးခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှချစ်က စာမေးပွဲလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဗဟိုအဆင့်အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည့် ဆရာကြီး၊ ဆရာမကြီးမှ သက်ဆိုင်ရာဘာသာရပ်များကို ထပ်ဆင့်ဆွေးနွေးပေးကြသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် သင်တန်းသားဆရာ၊ ဆရာမများက မရှင်းလင်းသည့် သက်ဆိုင်ရာဘာသာရပ်များအလိုက် ဆွေးနွေးခဲ့သည်များကို အသီးသီးပြန်လည်ဆွေးနွေးပေးကြသည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ သင်တန်းသား ဆရာ၊ ဆရာမ ၁၃၃ ဦး တက်ရောက်ကြသည်။ တံတားဦးခရိုင်အနေဖြင့် တံတားဦးမြို့နယ်၌ စာစစ်ဌာန ၂၈ခုတွင် ဖြေဆိုရန်ကျောင်းသား၊ ကျောင်းသူပေါင်း ၂၃၀၉ ဦး၊ ငါန်းဇွန်မြို့နယ်၌ စာစစ်ဌာန ၁၀ခုရှိပြီး ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူပေါင်း ၁၁၅၆ ဦး ရှိကြောင်း တံတားဦးခရိုင် ပညာရေးမှူးရုံးမှ သိရသည်။

**(အပေါ်ဝဲပုံ)**
**(၄၀၉)**




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ရေကျအခိုက် ကျွန်းမြေစိုက်

* ဆောင်းဦးကာလ ရေကျပါသော်
သဲသောင်ဖြစ်ထွန်း ကုန်းကျွန်းငယ်တွေပေါ်
မောင်းထုဖိတ်ခေါ် ပွဲတော်အလား
မဲနိုက်စုပြုံ ရှာပိုင်ဘုံ
လူစုံခွဲရန် သွားသည်နှင့်လေး ။

* ရသည့်မြေသား မဟားကိုယ်တိုင်
ယောက်ျားထွန်ချ မိန်းမကယ်တူပြိုင်
တစ်ပိုင်တစ်နိုင် လုပ်ကိုင်မဆုံး
သမီးငယ်သူ ပြီးရန်ကူ
နေပူသော်လည်း ရှန်းသည်နှင့်လေး ။

* မိသားစုလုံး ပခုံးထမ်းသည်
စားရိတ်လည်းပြတ် လိုအပ်ဖြည့်ဆည်းမည်
ရိုးသားအတည် ယူပြီအကြိုက်
တောင်သူကြီးထံ ရိက္ခာခံ
တစ်ပြန်နေ့စား လိုက်သည်နှင့်လေး ။

* တောင်သူစရိုက် ရခိုက်စားရုံ
မပြီးမချင်း လုပ်ရင်းနဲ့သာကုန်
ရိတ်သိမ်းချိန်ကြုံ သီးစုံခွဲထုတ်
ရေမတက်ခင် အမြန်ပင်
တွင်တွင်မြေပဲ နုတ်သည်နှင့်လေး ။

* တစ်ရာသီလုပ် နှစ်ချုပ်သောခါ
အရှုံးအမြတ် ဆုံးဖြတ်သူတို့မှာ
ပွဲစားအပ်ကာ ဗလာလက်ချည်း
ဝမ်းရေးငယ်ပူ ငွေကြိုယူ
တောင်သူဘဝ ပြီးသည်နှင့်လေး ။

* မကြီးပွားလေပါ ဝမ်းစာ မက်တော့သည် ။

* မညည်းတွားပေရာ
ထမ်းကာ ရွက်တော့သည် ။ ။

**ကဗျာဇော်ဝင်း (မန္တမြ)**

## စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြသ

**ကျောက်ဆည် ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး မြောင်းဦးကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ဇန်နဝါရီ ၁၀ရက် နံနက် ၁၀ နာရီက ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များအား အတတ်ပညာသာမက အသိပညာဗဟုသုတများ ရှာမှီးနိုင်ရန်၊ စာအုပ်စာပေ၌နှစ်သက်မွေ့လျော်ကာ စာဖတ်သည့်အလေ့အထ၊ အလေ့အကျင့်ကောင်းများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် လက်ယန်ပင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ် ဆရာမကြီးဒေါ်ခင်စန်းထွေးက ကျောင်းသား၊ ကျောင်းသူများ ပညာတတ်များဖြစ်အောင် ပညာကိုလေ့လာ ကြိုးစားသင်ယူကြရန်၊ ကျောင်းသင်ခန်းစာအပြင် ပြင်ပဗဟုသုတများ ရှာဖွေဖတ်ရှုလိုကြောင်း အမှာစကားပြောကြားခဲ့သည်။ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက ကျောင်းသား၊ ကျောင်းသူ လူငယ်များ စာအုပ်စာပေများဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ ဗလငါးတန်နှင့်ပြည့်ဝသည့် လူငယ်များဖြစ်လာစေရန် စာဖတ်ရှိန်မြှင့်တင်ရေးခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောခဲ့သည်။

အသိပညာပေးဟောပြောပွဲအပြီးတွင် ကျောင်းသား၊ ကျောင်းသူများအား စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိရေး၊ စာအုပ်ပြပွဲနှင့် ကလေးအလုပ်သမားပပျောက်ရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းအန္တရာယ်၊ အရွယ်မရောက်သေးသော ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်ခြင်း အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။**စုစုအေး(ကျောက်ဆည်)**

## သတင်းပဒေသာ

### ခရိုင်အဆင့် လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများ ရွေးချယ်

ကချင်ပြည်နယ်၊ ပူတာအိုခရိုင်တွင် ဘက်စုံထူးချွန်ထက်မြက်သော လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများ ထွက်ပေါ်လာနိုင်ရေးအတွက် ခရိုင်အဆင့် လူရည်ချွန် ကျောင်းသား၊ကျောင်းသူ ရွေးချယ်ရေး ကိုယ်ကာယကြံ့ခိုင်မှုနှင့် ယုံကြည်မှုစစ်ဆေးခြင်းကို ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီက ပူတာအိုခရိုင်ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ ခရိုင်ပညာရေးမှူး ဒေါ်သန်းသန်းညွန့်နှင့် နည်းပြဆရာ၊ ဆရာမများက ခရိုင်အဆင့်လူရည်ချွန် ရွေးချယ်ရေးအတွက် ကိုယ်ကာယကြံ့ခိုင်မှုနှင့်ယုံကြည်မှုစစ်ဆေးရာတွင် စံချိန်ဖြင့်ဆုံးဖြတ် ရွေးချယ်သွားမည်ဖြစ်ကြောင်းနှင့် ကိုယ်ကာယလုပ်ဆောင်ရမည့် နည်းများအလိုက် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်များ ငှားရမ်းပေး

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာဖတ်သူများ လက်ဝယ်အရောက် စာအုပ်များ လိုက်လံငှားရမ်းပေးမှုကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများအရောက် လိုက်လံငှားရမ်းပေးလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် မြောက်လွတ်ကုန်းကျေးရွာနှင့် လေသာ၊ တောင်သာရပ်ကွက်များသို့ သွားရောက်ငှားရမ်းပေးခဲ့ကြသည်။

စာအုပ်ငှားရမ်းဖတ်ရှုသူများ အဆင်ပြေစေရေးအတွက် ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်၌ သုတ/ရသစာအုပ်မျိုးစုံ ၂၂၀၀ ကျော် စီစဉ်ထားရှိပြီး စာအုပ်အသစ်များကိုလည်း စဉ်ဆက်မပြတ် လဲလှယ်ဖြည့်ဆည်းပေးလျက်ရှိကြောင်းနှင့် ယခုငှားရမ်းပေးခဲ့သော စာအုပ်များကို ရက်သတ္တပတ် တစ်ပတ်ပြည့်လျှင် ပြန်လည်အပ်နှံကာ စာအုပ်အသစ်များကို ထပ်မံငှားရမ်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### အသိပညာပေးလုပ်ငန်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်ဟောပြော

ရှမ်းပြည်နယ်(တောင်ပိုင်း)၊လွိုင်လင်ခရိုင်၊ ပင်လုံမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်တိုင်းရင်းဆေးဦးစီးဌာနတို့ ပူးပေါင်း၍ ဇန်နဝါရီ ၉ရက် နံနက် ၁၀နာရီက အ·မ·က (ကျူရုံးကျေး)ကျောင်းသို့ သွားရောက်ပြီး အသိပညာပေးလုပ်ငန်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေးနယ်လှည့်ဟောပြောခြင်းကို ကွင်းဆင်းဆောင်ရွက်ရာ ပြန်/ဆက်မြို့နယ်ဦးစီးမှူး ဒေါ်အိမြတ်နိုးသူက ကျောင်းသား၊ ကျောင်းသူလေးများအား ကျောင်းစာများအပြင် ပြင်ပဗဟုသုတများရရှိစေရန်၊စာအုပ်စာပေများ လေ့လာဖတ်ရှုခြင်းကြောင့် အသိပညာဗဟုသုတများရရှိစေရန်နှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးကို ဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်စကားဝါမှ တစ်ကိုယ်ရေသန့်ရှင်းရေးအကြောင်းနှင့် ရာသီအလိုက်ဖြစ်ပေါ်တတ်သော ရောဂါများအကြောင်း ရှင်းလင်းပြောကြား၍ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား အခမဲ့ကွင်းဆင်းကုသပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်တွင် တောင်သူများ စိုက်ပျိုးထုတ်လုပ်လုပ်မှု အဆင်ပြေစေရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၁၈)အုပ်စုမှ ဘဏ်အဖွဲ့ဝင်တောင်သူများအား ထုတ်ချေးပေးလျက်ရှိရာ ယမန်နေ့ နံနက် ၁၀နာရီက အင်းကြီးကုန်းကျေးရွာအုပ်စုမှ တောင်သူ ၁၃၃ဦးတို့၏ စိုက်ဧက ၆၉၀ ဧကအတွက် ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ငွေလှူဒါန်း

**မန္တလေး ဇန်နဝါရီ ၁၁**

နိုင်ငံတော်သံဃာ့မဟာနာယက အဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေ ပေးအပ်ခြင်းကို ယမန်နေ့ နံနက်က အဆိုပါသင်တန်းကျောင်းရှိ ကျောင်းအုပ်ဆရာတော်ရုံးခန်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကွယ်လွန်သူ ဦးကျော်ကျော်စိုးအား ရည်စူး၍ ဇနီး ဒေါ်မာလာအောင်၊ (သား) မောင်ကောင်းမျိုးဆက်၊(သမီး) မမြသွန်းဆက် မိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် သုံးသိန်းကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ဝင် ဦးထွန်းထွန်းဦးက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အောက်ပုံ)**

ထို့နောက် ကျောင်းအုပ်ဆရာတော်ကိုယ်စား ကထိကဆရာတော် ဘဒ္ဒန္တကဝိဇအရှင်မြတ်က ကောင်းမှုကုသိုလ်တို့အတွက် ရေစက်ချ အနုမောဒနာတရားဟောကြား ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(၀၃၆)**



**ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၆)အနိုင်၊ အရှုံး (NGB)**

| | | |
|---|---|---|
| ဟော်ဖန်ဟိမ်း | ၀ - ၁ | ဝုဖ်ဘတ် |
| ဟိုင်ဒင်ဟိမ်း | ၂ - ၀ | ယူနီယံဘာလင် |
| ဖရိုင်းဘတ် | ၃ - ၂ | ဟော်စတိုင်း |
| မိန့်စ် | ၂ - ၀ | ဘိုချမ် |
| စိန့်ပေါလီ | ၀ - ၁ | ဖရန့်ဖတ် |

**အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၀)အနိုင်၊ အရှုံး (NGB)**

| | | |
|---|---|---|
| အမ်ပိုလီ | ၁ - ၃ | လက်ဇီ |
| အူဒီးနီစ် | ၀ - ၀ | အတ္တလန်တာ |

**ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၇)အနိုင်၊ အရှုံး (NGB)**

| | | |
|---|---|---|
| ဘရက် | ၂ - ၁ | လိုင်ယွန် |

**စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၉)အနိုင်၊ အရှုံး (NGB)**

| | | |
|---|---|---|
| အလာဗက်စ် | ၀ - ၁ | ဂျီရိုနာ |
| ပယ်လာဒိုးလစ် | ၁ - ၀ | ဘက်တစ် |

**အင်္ဂလိပ်အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ (တတိယအဆင့်)အနိုင်၊ အရှုံး (NGB)**

| | | |
|---|---|---|
| လီဗာပူး | ၄ - ၀ | အက်ခရင်တန် |
| ချဲလ်ဆီး | ၅ - ၀ | မိုကမ် |
| ဘုန်းမောက် | ၅ - ၁ | ဝက်စ်ဘရွန်း |
| လက်စတာ | ၆ - ၂ | QPR |
| ဘရန့်ဖို့ဒ် | ၀ - ၁ | ပလိုင်းမောက် |

❖စာမျက်နှာ ၂၄ မှ

အမျိုးသားကန်တော်ကြီးဥယျာဉ်နှစ် ၁၀၀ ပြည့်အထိမ်း အမှတ် ၁၇ ကြိမ်မြောက်ပန်းပွဲတော်ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၉ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ပြီး ဆန်းသစ်သည့် မြေယာရှုခင်းပုံစံများ၊ ပြည်တွင်းပြည်ပ ပန်းမျိုးစိတ်မျိုးစုံ၊ ဒေသပန်းမျိုးများပြသသည့် ဇုန် ၁ ဇုန် အပါအဝင် ဇုန် ၈ ဇုန်ပါဝင်၍ ရာသီပန်းမျိုးစိတ် ၂၀ မျိုး မှ ၂၅ မျိုး၊ ဒေသပန်းမျိုး စိတ် ၁၅ မျိုးမှ ၂၀မျိုး စုစုပေါင်း ပန်းအရေအတွက် နှစ်သိန်းကျော် စိုက်ပျိုးပြသထားကြောင်း၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ဈေးရောင်းပွဲတော်၊ ဒေသထွက်ကုန်ပြခန်းများ နှင့် ဆိုင်ခန်းများဖြင့် ရောင်းချပေးသည့် အစီအစဉ်များလည်းပါရှိကြောင်း၊ အမျိုးသားကန်တော်ကြီးဥယျာဉ်နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် ၁၇ ကြိမ်မြောက်ပန်းပွဲတော်၊ ပွဲကောက်ရေတံခွန် အပန်းဖြေစခန်းနှင့် အထင်ကရ နေရာများသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ် အပန်းဖြေအနားယူသူများ ဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ် ၄)**



## လောကနန္ဒာစေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပူဇော်မည်

**ညောင်ဦး ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့၊ သီရိပစ္စယာရပ် လောကနန္ဒာစွယ်တော်မြတ်စေတီတော်ကြီးအား ကြာခံ(၂)ဆင့်မှ ခရေသီးအထိ ရွှေသင်္ကန်းကပ်လှူနိုင်ရေးအတွက် ဩဝါဒါစရိယဆရာတော်များထံမှ ရွှေသင်္ကန်းကပ်လှူနိုင်ရေးနှင့်စပ်လျဉ်း၍ ဩဝါဒခံယူခြင်းနှင့်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၈ရက် မွန်းလွဲ ၂ နာရီက လောကနန္ဒာစွယ်တော်မြတ်စေတီအစည်းဝေးခန်းမတွင် ဆရာတော်အရှင်သူမြတ်များထံ မှ ဩဝါဒခံယူ၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခဲ့သည်။

လောကနန္ဒာစွယ်တော်မြတ်စေတီတော်ကြီး၏ ဩဝါဒါစရိယဆရာတော်များထံမှ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့်အဖွဲ့ဝင်များ၊ရွှေသင်္ကန်းကပ်လှူရေးဦးစီးကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ဂေါပကအဖွဲ့ဝင်များက ဩဝါဒခံယူခဲ့ကြရာ ရွှေသင်္ကန်းကပ်လှူနိုင်ရေးလုပ်ငန်း ဆောင်ရွက်ရာ၌ တာဝန်ယူ၊တာဝန်ခံမှုဖြင့်ဆောင်ရွက်ရန်၊ စေတီတော်ကြီးအား လုပ်ငန်းများ ဆောင်ရွက်ရာ၌ ထိခိုက်မှုမရှိစေဘဲ ရှေးမူမပျက် ဆောင်ရွက်ကြရန် လမ်းညွှန်ခဲ့ပြီး လောကနန္ဒာစွယ်တော်မြတ်စေတီတော်ကြီးအား ကြာခံ(၂)ဆင့်မှ ခရေသီးအထိ ရွှေသင်္ကန်းကပ်လှူနိုင်ရေးဦးစီးကော်မတီဥက္ကဋ္ဌအနေဖြင့် ရွှေသင်္ကန်းကပ်လှူဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား Time Frame ပါလုပ်ငန်းစဉ်များနှင့် အညီ မိုးလေကင်းလွတ်သည့် ကာလအတွင်း အရည်အသွေးပြည့်မီစွာ အမြန်ပြီးစီးနိုင်ရေး ဆောင်ရွက်မည့် အစီအမံများအား တင်ပြလျှောက်ထားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၄၈၁)**

## မဟာသုဝဏ္ဏပါသာဒကျောင်းတော်ကြီး၏ တိုင်ရွှေချရန်နှင့် ချိတ်ဆွဲရန် ရွှေခေါင်းလောင်း လာရောက်လှူဒါန်း

**မန္တလေး ဇန်နဝါရီ ၁၁**

မန္တလေးမြို့၊ မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်ရန်၊ ရွှေသင်္ကန်းကပ်လှူရန်ငွေများနှင့် ချိတ်ဆွဲရန်ရွှေထည်ပစ္စည်းများ လာရောက်လှူဒါန်းလျက်ရှိသည်။ ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းက မဟာမုနိဘုရားကြီး သီတင်းသုံးတော်မူရာ မဟာသုဝဏ္ဏပါသာဒကျောင်းတော်ကြီး၏ တိုင်အမှတ်(၂၈) ရွှေချကပ်လှူရန် မန္တလေးမြို့နေ ဦးအပ်တီ + ဒေါ်ယဉ်ယဉ်အေး (ရွှေကြက်ဖကြာညို)မိသားစုက ငွေကျပ် ၅၅ သိန်းကိုလည်းကောင်း၊ မဟာသုဝဏ္ဏပါသာဒကျောင်းတော်တိုင်အမှတ်(၈၅) ရွှေချပူဇော်ရန် ရန်ကုန်မြို့နေ ဒေါ်ဝင်းဝင်း၊ (သား)ဦးစိုးမင်းသိန်း၊ (သမီး)ဒေါ်မေပြည့်စုံဝင်း (အန်တီဝင်းစီးပွားရေးလုပ်ငန်းစု) မိသားစုက ငွေကျပ် ၅၅သိန်းကိုလည်းကောင်း၊ မဟာမုနိဘုရားကြီးအား ချိတ်ဆွဲရန် ရန်ကုန်မြို့နေ တော်ဝင်မိသားစုကုမ္ပဏီက အလေးချိန်(၁)ကျပ်(၃)ရွေးရှိ ရွှေခေါင်းလောင်းတစ်လုံးတို့ကို လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်၊အတွင်းရေးမှူး ဦးသန်းဦးနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

မဟာမုနိဘုရားကြီးသို့ ရွှေသင်္ကန်းကပ်လှူရန်၊ ဘက်စုံပြုပြင်ရန်၊ကျောင်းတော်ရွှေချရန်၊ ဓာတ်မီးတော်ပူဇော်ရန်၊ ငွေပဒေသာပင်စိုက်ထူရန် အလှူငွေလှူဒါန်းလိုသော အလှူရှင်များအနေဖြင့် KBZBank ငွေစာရင်းအမှတ် ၀၈၇၃၀၂၀၆၁၀၀၄၄၉၁၀၁ နှင့် UAB ဘဏ်ငွေစာရင်းအမှတ် ၀၁၇၁၃၀၁၀၀၀၁၂၂၅၉ နှင့် နိုင်ငံခြားငွေစာရင်းအမှတ် ၀၁၇၀၁၂ ၁၀၀၀၀၀၇၅၀နှင့် ဖုန်း ၀၉-၄၄ ၄၀၄၄၄၇၅၊ ၀၉-၄၀၂၅၉၉၉၁၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၀၄၅)**

# ကြည်ညိုမြတ်နိုးစေရာ အမေ ကဗျာများ

ခင်ဆွေလှိုင်(ပန်းချီ)

မွေ့ဂုဏ်ရည်ဆရာတော်(ရွှေပြည်သာ) ရဟန်းစာဆိုအရှင်ဝိလာသ(ဝေမိုး-ကျွန်းလှ)၏ စာပေဒါန အမှတ်တရ ထုတ်ဝေသည့် 'မြင်းမိုရ်ရဲ့တမ်းချင်း မြန်မာကဗျာ ၁၀၀' စာအုပ်လေးကို ညီအစ်မရင်းတမျှ ချစ်ကြရသည့် စွယ်စုံရ ဆရာမကြီး ဒေါက်တာ မင်းလဲ့ရီ (ပန်းချီ၊ စာပေ၊ ဂီတ)ထံမှ လက်ဆောင်ရခဲ့ပါသည်။ အမှာစာတွင် 'မြန်မာဂန္တဝင်ကဗျာများ ရှားပါးနေချိန် ဂုဏ်ဝါရောင်ရှိန် မှေးမှိန်နေချိန်တွင် ဤမြန်မာဂန္တဝင်ကဗျာ ၁၀၀' ပေါ်ထွက်လာခြင်းအတွက် ကဗျာချစ်သူစာချစ်သူ၊ စာဖတ်သူများအားလုံး ဝမ်းသာ ရွှင်ပြုံးနှလုံးစိတ်ဝမ်း ပီတိလွှမ်းကြလိမ့်မည်ဟု ယုံကြည်ယူဆရပါသည်' ဟု မောင်စိန်ဝင်း(ပုတီးကုန်း)က မုဒိတာစကား ဆိုခဲ့သည်။

ဤ'မြင်းမိုရ်ရဲ့တမ်းချင်း မြန်မာကဗျာ ၁၀၀' စာအုပ်လေးက ဖတ်တိုင်း ဖတ်တိုင်း ဝမ်းသာရွှင်ပြုံး ပီတိဖုံးစေသော မာတာမိခင်၏ မေတ္တာတော် အနန္တအကြောင်းတွေ ရင်မှာ ကုဋေ ကုဋာ ကြည်နူးမှုအခါအခါ ဖြစ်စေသည်။ မွေ့ဂုဏ်ရည် ဆရာတော် (ဝေမိုး-ကျွန်းလှ)က စာပေချစ်စိတ်၊ ကဗျာချစ်စိတ်၊ အမေချစ်စိတ်၊ အနုပညာချစ်စိတ် အရင်းခံကာ ရွှေရတုမွေးနေ့ အထိမ်းအမှတ်အဖြစ် 'မိဘမေတ္တာဘွဲ့ မြန်မာကဗျာ ၁၀၀'ကို မိဘကျေးဇူးဆပ် စီစဉ်ထုတ်ဝေသည်ဟု ဆိုပါသည်။ ရဟန်းစာဆို ဝေမိုး (ကျွန်းလှ) မွေ့ဂုဏ်ရည်ဆရာတော်က 'မိဘကျေးဇူး၊ မြင်းမိုရ်ဦး၊ အထူးသိနိုင်စေ၊ သိသည့်အတိုင်း ဆုတ်မဆိုင်း၊ နေ့တိုင်းဆပ်နိုင်စေ' ဟု မိန့်ထားဖွဲ့ဆိုထားပါသည်။ ထို့ပြင် ရဟန်းစာဆို ဆရာတော်ဘုရားဟော 'မိဘနှင့်စပ် ထပ်ပြောချင်တဲ့ စကား'တွင် မိန့်ကြားရေးသားထားပုံမှာ 'ချစ်သား၊ ချစ်သမီးတို့ ... ဤမဟာပထဝီမြေကြီးနှင့်အမျှ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား၊ တန်ဖိုးကြီး ရတနာတို့ကို အပြည့်ထည့်ပုံပြီး တိုင်းပြည်အုပ်ချုပ် မင်းလုပ်ခိုင်းစေဦးတော့ ကျေးဇူးအမြတ်တွေကို ကျေအောင်ဆပ်ရာ မရောက်သေးပါဘူးတဲ့'

'ချစ်သား၊ ချစ်သမီးတို့ ... အမိ၊ အဖတို့ဟာ သားသမီးတွေအပေါ်မှာ ကျေးဇူးအလွန်များကြတယ်၊ သားသမီးတွေရဲ့ ကိုယ်အား၊ ဉာဏ်အား ကြီးပွားအောင် စောင့်ရှောက်တတ်ကြတယ်၊ ကျရောက်လတ္တံ့သော သက်ရှိသက်မဲ့တို့ရဲ့ ဘေးအန္တရာယ်ကို ကာကွယ်စောင့်ရှောက်ပေးတတ်ကြတယ်၊ လောကကြီးထဲကို လာခွင့်ပေးတယ်၊ လောကကြီးထဲက ရှောင်စရာ၊ ဆောင်စရာတွေကို လမ်းညွှန်သွန်သင်ပေးတတ်တယ်၊ ဒါကြောင့် မိဘဂုဏ်သိန်ဆိုတာ ဆပ်မကုန်နိုင်အောင် ကြီးမားလှတယ်၊ သားရဟန်းသံဃာရှိခဲ့ရင် သားရဟန်း ဆွမ်းခံရလာတာ လှူဒါန်းထားတာရှိခဲ့ရင် သားသံဃာရဲ့ ရှေးဦးစွာ သုံးဆောင်ခံစားခွင့်ရှိတဲ့ ထိုက်တန်တဲ့ အဖေ နဲ့ အမေတွေ ဖြစ်ကြတယ်'ဟု မြတ်ဗုဒ္ဓ ဟောမြွက်တော်မူခဲ့ပုံကို ဆရာတော် ဝေမိုး(ကျွန်းလှ)က တစ်ဆင့်မျှဝေသိစေခဲ့လို့ ကျေးဇူးကြီးလှစွာ ဖတ်မှတ်လိုက်နာရပါတယ်။ စာအုပ်လက်ဆောင်ပေးသူ ဒေါက်တာ မင်းလဲ့ရီ(ပန်းချီ၊စာပေ၊ဂီတ)ကိုလည်း လွမ်းတသသ အထူးသတိရကာ မန္တလေး အမေနေ့မှာ ကြွရောက်သီဆို ဟောပြောခဲ့တဲ့ အမေနေ့ကို လွမ်းဆွတ်နေမိတယ်။

ဆရာမကြီးပေးတဲ့ 'မြင်းမိုရ်ရဲ့တမ်းချင်း ကဗျာ ၁၀၀'ထဲမှာ ရဟန်းစာဆို ဝေမိုး(ကျွန်းလှ) ဖွဲ့သီထားတဲ့ နှလုံးသားကဗျာလေးက ရင်ထဲစွဲငြိစေတယ်'

**'အနန္တမိခင်'**

* **တုနိုင်းစရာ အဖြေမသိပေမယ့်**  
**လူတိုင်းမှာ အမေရှိစမြဲ ။**

* **ကျေးကျေးဇူး ကျေအောင်ဆပ်နိုင်လည်း**  
**မွေးကျေးဇူး သေတောင်ဆပ်နိုင်ခဲ ။**

* **ဘဝင်နိုင်းစရာ အဖြေမတွေ့**  
**ရက်တိုင်းမှာ 'အမေနေ့ပါ'။**

အမေကဗျာအားလုံးထဲက ကျွန်မစွဲမက်နှစ်သက်တဲ့ ကဗျာလေးတွေကို ကြည်နူးပီတိဖြစ်စွာ မျှဝေလိုက်ပါတယ်။ ကဗျာဖတ်ရင်း အမေတွေကို ပိုချစ်နိုင်ကြပါစေ။

**'မိခင်သို့ အားပေးခြင်း'**

* **မိန်းမသူဟု**  
**မတူနှိမ့်ချစေ အိုမိခင်**  
**အမိကလျှင်**  
**ဗုဒ္ဓဖွားမြင်ခဲ့ပါသတည်း ။**

**(မောင်ယဉ်မှူး)**

**'အမေ'**

* **အများသုံးစွဲ**  
**စကားနှစ်လုံးထဲပါ ။**  
**ဘဝမှာ ထိ**  
**တ,ကာ ကြည့်တော့**  
**အရသာကို ရှိလိုက်တာ အမေရယ် ။**

**(ဧယျာဘုန်းမြင့်)**

**'အာဇာနည်'**

* **အမေဆိုတာ ငါတို့လာဖို့**  
**လူ့ရွာတံခါး ဖွင့်ပေးသူ ။**  
**(ခများ)**  
**သေမင်းတံခါး မျက်နှာမူ ။**

**ကိုကိုလင်း(အမေ့အိမ်)**

**'မေတ္တာစမ်းရေ'**

* **ကောင်းကင်နဲ့ အမေ့လ**  
**ဘယ်လက ပိုသာနိုင် ။**  
**မွေးမာတာ မေတ္တာစမ်းရေ**  
**ပန်းကဲ့သို့ လှိုင်း**  
**သေမင်းတောင် အံ့တုနိုင်**  
**စံမတုနိုင် သည်ချစ်ခြင်း**  
**သွေးအနီတောင် နို့ရည်ဖြစ်အောင်**  
**စီးရစ်ခွေဆင်း ။**

**မောင်ရင်ငြိမ်း(ဖူးပွင့်)**

**'အမေဆက်တဲ့ ဖုန်း'**

* **ပေါ်မလာ မင်းနှင်ကွယ်**  
**တကယ်ကို နေနိုင်ပါရဲ့ ။**  
**သားလာရင်**  
**စားစရာတွေ စုံလင်ပါဘိကွယ်**  
**သားအကြိုက် ယုန်သားကင် ခါချက်**  
**ပျားလဘို့ ငရုတ်ထောင်းလေးကို**  
**အမေ ကောင်းကောင်းချက်ကျွေးမယ်**  
**လူလေးရယ် ရက်အတန်မကြာပါနဲ့**  
**မနက်ဖြန်ခါ သဘက်ကို**  
**ဆက်ဆက်လာခဲ့ ။**

**(ကျော်နိုင်ဦး)**

**'အဟုန်ပြင်းသည့် မြစ်မင်းယမုန်'**

* **အမေ**  
**အားပါးတရ ခေါ်လိုက်ရသည်**  
**ဂီတပဥ္စင် တေးသံစဉ်က**  
**'ဆရာတင်' 'မြို့မငြိမ်း'**  
**ရွှေပြည်အေးတို့ ရေးဖွဲ့သီလာ**  
**တေးကဗျာထက် လက်ာစောင်းကြိုး**  
**လှုပ်ခတ်နိုးသည်**  
**ကိုးဆယ်ဆ ကွာတကား ။**

**တင်ထွန်း(ချောက်)**

မွေ့ဂုဏ်ရည်စာစဉ်(၇)အဖြစ် ဆရာတော်အရှင်ဝိလာသ ဝေမိုး(ကျွန်းလှ)သည် သက်တော် ၄၀ ပြည့် အထိမ်းအမှတ်အဖြစ် စာရေးဆရာ ၄၀ တို့၏ ဝတ္ထု၊ ဆောင်းပါး ပုဒ်ရေ ၄၀ စုစည်းကာ 'မြင်းမိုရ်ရဲ့တမ်းချင်း' အမှတ်(၁) ထုတ်ဝေကာ မိဘကျေးဇူးဆပ်ခဲ့သော ရဟန်းစာဆိုတော်တစ်ပါးအဖြစ် ဤစာစုဖြင့် ကြည်ညိုလေးစားစွာ ဦးတင်သပါသည်။ ဤကဗျာလေးတွေ ဖတ်ရင်း ရင်မှာသိမ့်သိမ့်ငြိမ့်ငြိမ့် နွေးထွေးလုံခြုံအေးမြစွာ မိခင်ရင်ခွင် ထဲရောက်ရှိသွားသလို ကြည်နူးပီတိဖြစ်ရပါဘိသည်။ တစ်ခေတ်စီက ဆရာမ ချိုမြနွယ်၏ ဝတ္ထုတိုလေးကို စွဲလမ်းနှစ်သက်စွာ ဖတ်ခဲ့ရတဲ့ ကျွန်မအတွက် ကျွန်မ၏ငယ်ဘဝပုံရိပ်နှင့် ထပ်တူခံစားမိသည့် ကဗျာဆရာမ၊ စာရေးဆရာမ ချိုမြနွယ်ရဲ့ ကဗျာလေးက ဒီလိုပါ။

**'ရင်ထဲက အမေ'**

* **ကင်ပွန်းတရော် အမေဖျော်လို့**  
**ခေါင်းလျှော်ပေးကာ ဆီလိမ်းပါလို့**  
**ဆံညှာခွေထုံး စံပယ်ကုံးနှင့်**  
**ပြုံးမြမျက်နှာ မွှန်နံ့သာနှင့်**  
**တစ်ခါတုန်းက ငယ်ဘဝမှာ**  
**ရောင်ဝါထိန်ဝင်း ရင်ထဲလင်း၍**  
**လမင်းအမေ သာစဲပါ ။**

**(ချိုမြနွယ်)**

ဒီကဗျာလေးဖတ်ပြီး အမေ့ကို လွမ်းလိုက်တာလေ။ ကျွန်မငယ်စဉ် ဆံပင်ရှည်ထားပေး ခေါင်းလျှော်သန့်ရှင်းပေးလေ့ ရှိတာကြောင့် ဘဝတစ်သက်တာ သန်းနှင့် သန်းဥ ဟူ၍ မမြင်စဖူး။ ရှင်းသန့်နေတဲ့ ဆံပင်တွေ ရှင်း၊ ဆီလိမ်းပေး၊ ဒီဇင်ဘာ ပုလဲပန်းတွေကို ပန်းသရဖူလုပ် ပန်ပေး၊ အဖေက အဖေ့သမီး အလှဆုံးဆိုပြီး ဓာတ်ပုံရိုက် မှတ်တမ်းတင်ပေး၊ ဓာတ်ပုံအဖြူ အမည်းလေးတွေ ပြန်ကြည့်လေတိုင်း မိဘနှစ်ပါး ကျေးဇူးတသအောက်မေ့ ကြည်နူးပီတိတွေနဲ့ ပျော်ရွှင်ရတာ ခုချိန်ထိပါ။ သား၊ သမီး ဝတ္တရား ငါးပါးမှာ 'လှူမျှဝေ၍' ဆိုတဲ့အတိုင်း မိဘနှစ်ပါးရဲ့ ချစ်မေတ္တာတွေကို ကျေးဇူးတုံ့ပြန်ဆပ်ကာ ရည်စူးကုသိုလ်တွေ ဒီနေ့အထိ ပြုလုပ်အမျှဝေပေးနေစဲပါ။ ကျွန်မရဲ့မွေးနေ့မှာ ကိတ်မုန့်မခွဲ ဗိုလ်လိုမအော် ရဟန်းသံဃာတော်များ၊ ဘုန်းကြီးကျောင်းများသို့ ဆွမ်း၊ သင်္ကန်း၊ ကာလဒါန၊ အာဟာရ၊ နဝကမ္မဝတ္ထုငွေများ၊ ပန်းချီကားများ ရေးဆွဲကာ သက်ရှင်ထင်ရှား မရှိကြသည့် မိဘနှစ်ပါးအတွက် အစဉ်အမြဲ ရည်စူးကုသိုလ်များ ပြုနေစဲပါ။ မိဘနှစ်ပါးနဲ့ပတ်သက်တဲ့ ကဗျာလေးကိုလည်း ကျေးဇူးဆပ်မော်ကွန်းတင် ရေးဖွဲ့ခဲ့ပါတယ်။

**'မွေးနေ့'**

* **မွေးနေ့ဆိုတာကို**  
**ဘယ်လို သီအိုရီ**  
**ဘယ်လို ရသတွေနဲ့**  
**တွေးမြင်ခံစား မွေးနေ့ပွဲများ ကျင်းပ**  
**ဒဿန ဘယ်လို ဖွင့်ဆိုကြပါလိမ့် ။**

* **ကိုယ့်အတွက်မှာတော့**  
**မွေးနေ့ဆိုတာဟာ**  
**ကိုယ့်တွက်တာမဟုတ်**  
**ကိုယ့်ကိုယ် မွေးတဲ့နေ့က**  
**ဆံစခြေဖျား ဝေဒနာတွေ ခံစားပြီး**  
**ရင်းသွေးသားအတွက်**  
**အသက်ကို ပဓာန မထား**  
**ခွန်အားတွေ တစ်ပွေ့တစ်ပိုက်နဲ့**  
**မွေးဖွားပေးလိုက်တဲ့**  
**ကိုယ့်ရဲ့ 'ချစ်မေမေ'။**

* **ကိုယ့်ကိုယ် မွေးတဲ့နေ့က**  
**ဆံစခြေဖျား ပီတိများနဲ့**  
**သမီးလေးလား သားလေးလားလို့**  
**ခံစားရင်ခုန် အမှုန့်ဝိုင်အိုလက်**  
**ဂရိုက်မစ်ချာ သကာပျားရည်**  
**အလေးထားဝယ်နေ**  
**ကိုယ့်ရဲ့ 'ချစ်ဖေဖေ'။**

* **ဒီလို ဒီလို မွေးမေရဲ့ ဂုဏ်ကျေးဇူး**  
**ဒီလို ဒီလို ကျွေးဖေရဲ့ ဂုဏ်ကျေးဇူး**  
**ကြည်နူး တွေးထပ် ဒါနမြတ်နဲ့**  
**ကျေးဇူးအကြွေး ပြန်ပေးဆပ်တဲ့**  
**နေ့ထူးနေ့မြတ် ။**

**(အမေနေ့သို့ ဂုဏ်ပြုပူဇော်လျက်)**

# အထူးကြည်ညိုဂုဏ်ယူဝမ်းမြောက်မိပါသည် အရှင်မြတ်ဘုရား

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ကျောင်းအုပ်ဆရာတော်ကြီးဖြစ်တော်မူသော ဘဒ္ဒန္တကေသဝ(ဓမ္မာစရိယ၊ B.A၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ) အရှင်သူမြတ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်၊ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၅) ထုတ်ပြန်ချက်အရ 'အဘိဇဓမဟာရဋ္ဌဂုရု'ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းအပ်နှင်းခြင်းခံရသဖြင့် မန္တလေးတိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ဥပထ္ထမ္ဘကအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များမှ အထူးကြည်ညိုဂုဏ်ယူဝမ်းမြောက်ဝမ်းသာ သာခုခေါ်ဆိုကြပါသည်။ ဆရာတော်ကြီးအနေဖြင့် ပဋိပတ္တိသာသနာတော်အကျိုးကို ဆက်လက်ဆောင်ရွက်နိုင်ပြီး သက်တော်ရာကျော်ရှည်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည် အရှင်မြတ်ဘုရား။

**ဥပထ္ထမ္ဘကအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ**
**မန္တလေးတိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၈)၊ ဦးပိုင်အမှတ် (၄၅ ½-W) ဟုခေါ်တွင်သောမြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက၊ (၁၅×၄၀)ပေ အကျယ်အဝန်းရှိ ဦးဝင်းနိုင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့်မြေကွက်နှင့်ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်စန္ဒာဝင်း(ဘ)ဦးငြိမ်းမောင်(၈/ရစခ(နိုင်)၁၄၇၀၉၃)၊ (၎င်း၏ကိုယ်စား ဦးထွန်းထွန်း(ဘ)ဦးပြေအေး(၉/ပကခ(နိုင်)၀၀၅၉၆၀) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -** **ဒေါ်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၆လမ်းနှင့် ၁၂၇လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**
**မန္တလေးမြို့ ။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၇)၊ ဦးပိုင်အမှတ်(၄၈)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဒုတကဇော်ဝင်း(ကပ-၃၆၆၆၃၆)၊ ထ-ပ-ရ(၁၂၁) အမည်ပေါက်ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်သည့် ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများမှာ ကျွန်ုပ်၏မိတ်ဆွေ ဦးခင်မောင်အေး(ဘ)ဦးရွှေ (၁၂/ဒဂတ(နိုင်)၀၀၅၃၂၈)၏ လက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးသွားပါသဖြင့် ယင်းမြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ သက်ဆိုင်ရာရုံးဌာနများတွင် လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ု၏မိတ်ဆွေထံသို့ဖြစ်စေ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဦးခင်မောင်အေး (ဘ)ဦးရွှေ** | **ဦးသက်ထွန်းဦး(LL.B)** |
| **၁၂/ဒဂတ(နိုင်)၀၀၅၃၂၈** | **အထက်တန်းရှေ့နေ(စဉ်-၃၈၃၂၈)** |
| **၀၉-၄၄၄၀၁၈၄၀၆** | **ဖုန်း ၀၉-၇၉၇၂၅၃၁၄၅** |

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃-က)၊ ဦးပိုင်အမှတ်(ဃ-၅/၂)၊ ဧရိယာ(၀ ဒသမ ၀၅၇)ဧက ဒေါ်စန်းစန်းလှိုင် အမည်ပေါက်ဂရန်မြေကွက်အတွင်းမှ အရှေ့ဘက်ခြမ်းဧရိယာ (၁၅ပေ×ပေ၃၀)အကျယ်အဝန်းရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အားလုံးတို့ကို လက်ရှိနေထိုင်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကြည်လှိုင် (ဘ)ဦးစိန်မှုံ (၁၂/မဂဒ(နိုင်)၀၆၃၇၇၉၆)ထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေနှင့်သဘောတူညီထားပြီး စရန်ငွေတချို့ တစ်ဝက်ကို ပေးချေထားပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဤမြေကွက်အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးချစ်စန်းမောင်(LL.B)** **ဒေါ်မွန်မွန်လှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**၅၁လမ်း၊ ၁၁၇လမ်း၊ မြရည်နန္ဒာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း➤ ၀၉-၂၅၉၀၈၈၆၅၂၊ ၀၉-၂၅၁၁၁၅၅၆၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ညည-၇၂၊ မြေကွက်အမှတ်(၂)၊ အရှေ့လားသော်-ဦးပိုင်(၁၇)၊ အနောက်လားသော်-လမ်း၊ တောင်လားသော်-ဦးပိုင်(၃)၊ မြောက်လားသော်-ဦးပိုင်(၁)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိမြေကွက်အား ပိုင်ရှင်ဖြစ်သူ ကျွန်ုပ် ဦးဇင်ကိုဖုန်း မှရောင်းချရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဇင်ကိုဖုန်း(၈/စတရ(နိုင်)၀၂၉၁၃၇)**
**မန္တလေးမြို့။ ၀၉-၅၀၁၉၅၄၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ညည-၇၂၊ မြေကွက်အမှတ်(၃)၊ အရှေ့လားသော်-ဦးပိုင်(၁၆)၊ အနောက်လားသော်-လမ်း၊ တောင်လားသော်-ဦးပိုင်(၄)၊ မြောက်လားသော်-ဦးပိုင်(၂)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိမြေကွက်အား ပိုင်ရှင်ဖြစ်သူ ကျွန်ုပ် ဦးမြင့်စိုး မှရောင်းချရန်စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးမြင့်စိုး(၈/တတက(နိုင်)၀၇၉၁၁၉)**
**မန္တလေးမြို့။ ၀၉-၅၀၁၉၅၄၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ညည-၇၂၊ မြေကွက်အမှတ်(၁)၊ အရှေ့လားသော်-ဦးပိုင်(၁၈)၊ အနောက်လားသော်-လမ်း၊ တောင်လားသော်-ဦးပိုင်(၂)၊ မြောက်လားသော်-လမ်း၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိမြေကွက်အား ပိုင်ရှင်ဖြစ်သူ ကျွန်မ ဒေါ်အေးအေးစန်း မှရောင်းချရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အေးအေးစန်း(၁၄/ဘကလ(နိုင်)၁၆၂၇၁၇)**
**မန္တလေးမြို့။ ၀၉-၅၀၁၉၅၄၁**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၁၀)၊ ဦးပိုင်အမှတ်(၈၈)၊ ၁၀၅လမ်းနှင့် ၁၀၆လမ်းကြား၊ ၄၉လမ်းနှင့်၅၀လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးရွှေဝင်း (၉/တကန(နိုင်)၁၁၂၀၃၈)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၁၆၉/၂၀၁၁) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးတင့်မျိုးလွင်(၅/ရဥန(နိုင်)၀၇၆၈၂၇) က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၂၉)၊ ဦးပိုင်အမှတ်(၄-က)၊ ဧရိယာ(ပေ၃၀ × ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်သည် ဦးငွေသီး(ဘ) ဦးတင်၊ (AYW-၁၂၁၄၇၁)အမည်ဖြင့် ချထား ပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သင်းသင်းနွယ်(ဘ)ဦးမောင်မောင်(၉/မရတ(နိုင်)၀၆၃၄၂၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့ တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဦးသန်းရွှေ B.A (Hist), H.G.P**
**အထက်တန်းရှေ့နေ**
**၅၃လမ်း၊ ၁၁၀Aလမ်းနှင့်၁၁၀Bလမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း➤၀၉-၅၁၄၀၄၇၈**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ကချင်ပြည်နယ် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအခမ်းအနားသို့ တက်ရောက်




မြစ်ကြီးနား ဇန်နဝါရီ ၁၁

(၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကချင်ပြည်နယ် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ခွဲဘူ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမောင်မောင်အုန်း၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးညဏ်ထွန်း၊ Jeng Phang နော်တောင်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဇော်ထွေး၊ ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ခွဲဘူ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမောင်မောင်အုန်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်တို့က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် လေ့ကျင့်ရေး အလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက "ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ယခုလို စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို ဆောင်ရွက်ပေးခြင်းဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များအနေဖြင့် လူမှုရေး၊ ယဉ်ကျေးမှု၊ ဥပဒေနှင့် နည်းပညာဆိုင်ရာ အကြောင်းအရာများကို တစ်နေရာတည်းတွင် တွေ့မြင်နိုင်ကြမည်ဖြစ်ပြီး စာအုပ်စာစောင်များကို လေ့လာဖတ်ရှုခြင်းဖြင့် ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေး အကြောင်းအရာများအပြင် နိုင်ငံတကာဆက်ဆံရေး၊ နည်းပညာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းအရာများကိုလည်း သိရှိနိုင်ကြမည် ဖြစ်ကြောင်း ပြောကြားသည်။




ဆက်လက်၍ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ကချင်ပြည်နယ်ဝန်ကြီးချုပ်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ငွေကျပ်သိန်း ၂၀ နှင့်မြစ်ကြီးနားတက္ကသိုလ် စာကြည့်တိုက်နှင့် အခြေခံပညာကျောင်းစာကြည့်တိုက်များအတွက် သုတ၊ ရသ၊ စာစောင်များကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် မြစ်ကြီးနားတက္ကသိုလ်ကျောင်းသားကျောင်းသူများက "ပန်းတိုင်းပွင့်စေ" သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမဆောင်အတွင်း ခင်းကျင်းပြသထားသည့် မြစ်ကြီးနားတက္ကသိုလ် ဘာသာရပ်ဆိုင်ရာ ပညာရေးပြခန်းများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော စာအုပ်စာစောင်များ၊ ဓာတ်ပုံပြခန်းများနှင့် အခြေခံပညာအဆင့် ပန်းချီ၊ ဆေးရောင်ခြယ်၊ ပုံပြော၊ ကျပန်းစကားပြောပြိုင်ပွဲများနှင့် လူရွှယ်၊ လူငယ်များကာယ၊ ဉာဏစွမ်းရည် တိုးတက်စေရေးအတွက် စကားပုံဆက်၊ အရုပ်ဆက်ပြိုင်ပွဲများ အပါအဝင် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများ ပြုလုပ်ကျင်းပနေမှုများကို လှည့်လည်ကြည့်ရှု အားပေးကြပြီး ဆုရရှိခဲ့သော ကျောင်းသားကျောင်းသူများအား ပွဲတော်အမှတ်တရ လက်ဆောင်များ ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် လေကြောင်းခရီးဖြင့် ပူတာအိုမြို့သို့ ရောက်ရှိကြပြီး ပူတာအိုမြို့ ဒုတ္တန်ရပ်ကွက်အတွင်းရှိ ရဝမ်အမျိုးသားဥယျာဉ်၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် ပူတာအိုဒေသ၌ ဆန်စပါးဖူလုံခြင်းအထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ခွဲဘူ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ပူတာအိုဒေသ ဆန်စပါးဖူလုံခြင်း အထိမ်းအမှတ်မှတ်တိုင်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ပူတာအိုဒေသ ဆန်စပါးဖူလုံခြင်း အထိမ်းအမှတ်အဖြစ် ရိုးရာမနောအကကို ရဝမ်ရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသား မျိုးနွယ်စုများဖြစ်ကြသည့် ရဝမ်၊ လီဆူ၊ တိုင်းခမ်းတီ၊ ဂျိမ်းဖော စသည့် ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့်အတူ ဆင်နွှဲကြသည်။

ယင်းနောက် ပူတာအိုမြို့နယ် လုံးစွတ်ရပ်ကွက်အတွင်းရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ၏ အကူအညီဖြင့် ဒေသတွင်း လည်ပတ်လျက်ရှိသည့် "ဆန်း" စိုက်ပျိုးရေးနှင့် အထွေထွေ လုပ်ငန်း သမဝါယမအသင်း လီမိတက်ပိုင် လျှပ်စစ်စွမ်းအင်သုံး ဆန်စက်လုပ်ငန်း လည်ပတ်နေမှုများကိုလည်းကောင်း၊ ပူတာအိုမြို့ ပန်းလှိုင်ရပ်ကွက်အတွင်းရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် တိုးတက်ဖြစ်ထွန်းနေသော ဒေသခံတောင်သူ၏ နေအိမ်ခြံဝင်းအတွင်း ဆောင်းသီးနှံ (ဟင်းသီးဟင်းရွက်ပင်များ) တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားရှိမှုကို လည်းကောင်း လှည့်လည်ကြည့်ရှု အားပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ပူတာအိုမြို့နယ်အတွင်း ကျေးရွာအုပ်စုပေါင်း ၂၇ အုပ်စုကို ဆက်သွယ်ပေးထားပြီး ကုန်ထုတ်လမ်းတစ်ခုဖြစ်သည့် ပူတာအို - နမ်ရှယ်ကော့ - လယ်မယ်ဝါကျီ- မန်စေ-မန်စေခွန်လမ်း ခင်းကျင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်(၁၇)ကြိမ်မြောက်ပန်းပွဲတော်အား ဇန်နဝါရီလ ၁၉ရက်နေ့အထိ ထပ်မံတိုးမြှင့်ဖွင့်လှစ်



**ပြင်ဦးလွင် ဇန်နဝါရီ ၁၁**

မြန်မာနိုင်ငံ၏ အထိမ်းအမှတ် Landmark တစ်ခုဖြစ်သည့် ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်၏ နှစ် ၁၀၀ ပြည့်အထိမ်းအမှတ်(၁၇)ကြိမ်မြောက်ပန်းပွဲတော်( Floral Fantasia 2024)သို့ ပြည်တွင်းပြည်ပမှ ခရီးသွား ဧည့်သည်များ အေးချမ်းပျော်ရွှင်စွာ လာရောက်အပန်းဖြေသူများဖြင့် နေ့စဉ်စည်ကားလျက်ရှိရာ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့အထိ ထပ်မံတိုးမြှင့် ဖွင့်လှစ်ထားသည်။

"ပြင်ဦးလွင်မြို့ကို ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်တွေ လာရောက် လည်ပတ်မှုများသလို နေ့ထူးနေ့မြတ်ကာလ၊ အခါကြီးရက်ကြီးတွေမှာဆိုရင် အနယ်နယ်အရပ်ရပ်ကပြည်သူတွေပါ လာရောက်လည်ပတ်မှု များပါတယ်၊ ပြင်ဦးလွင်မြို့မှာ သဘာဝအလှအပ ရှုခင်းတွေကိုကြည့်ရှုရင်း အေးချမ်းပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်မယ့်နေရာတွေ အများကြီးရှိပါတယ်၊ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် ၁၇ ကြိမ်မြောက်ပန်းပွဲတော် ( Floral Fantasia 2024)ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၂ရက်အထိ သတ်မှတ်ထားရာကနေ ဇန်နဝါရီလ ၁၉ ရက်နေ့အထိ ထပ်မံတိုးမြှင့် ဖွင့်လှစ် ပေးထားပါတယ်"ဟု ပွဲတော်ကျင်းပရေး ကော်မတီ မှတာဝန်ခံ အမှုဆောင်အရာရှိချုပ် ဦးရာဇာထွေးက ပြောသည်။

စာမျက်နှာ ၁၆ သို့ ❖